ဓမ္မဗျူဟာဘာဘာသနမာမကအဖွဲ့
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)

# ပဋ္ဌာန်း ပဉှာဝါရ

# ကုသလတ္တိက ပစ္စယာနုလောမ(ဝိဘင်္ဂဝါရ)

# ပါဠိတော် နှင့် လိုရင်းအဓိပ္ပါယ်(မြန်မာပြန်)

# ပဋ္ဌာနပါဠိ (ကုသလတ္တိက)

## ပစ္စယာနုလောမ ၁-ဝိဘင်္ဂဝါရ

### ဟေတု

**၄၀၁။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည် ကုသိုလ်တရားအား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။** ကုသိုလ်ဟိတ်တို့သည် ယှဉ်ဖက်ခန္ဓာတို့အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည် အဗျာကတတရားအား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။** ကုသိုလ်ဟိတ်တို့သည် စိတ္တဇရုပ်တို့အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည် ကုသိုလ်တရားအားရင်း, အဗျာကတတရားအားရင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ, စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။** ကုသိုလ်ဟိတ်တို့သည် ယှဉ်ဖက်ခန္ဓာတို့အားရင်း, စိတ္တဇရုပ်တို့အားရင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**၄၀၂။ အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် အကုသိုလ်တရားအား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။** အကုသိုလ်ဟိတ်တို့သည် ယှဉ်ဖက်ခန္ဓာတို့အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် အဗျာကတတရားအား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။** အကုသိုလ်ဟိတ်တို့သည် စိတ္တဇရုပ်တို့အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် အကုသိုလ်တရားအားရင်း, အဗျာကတတရားအားရင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ, စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။** အကုသိုလ်ဟိတ်တို့သည် ယှဉ်ဖက်ခန္ဓာတို့အားရင်း, စိတ္တဇရုပ်တို့အားရင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**၄၀၃။ အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။** အဗျာကတတရားသည် အဗျာကတတရားအား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ, စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။** ဝိပါက်ဟိတ်, ကိရိယာဟိတ်တို့သည် ယှဉ်ဖက်ခန္ဓာတို့အားရင်း, စိတ္တဇရုပ်တို့အားရင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ, ကဋတ္တာ စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။** ပဋိသန္ဓေအခါ၌ ဝိပါက်ဟိတ်တို့သည် ယှဉ်ဖက်ခန္ဓာတို့အားရင်း, ကမ္မဇရုပ်တို့အားရင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## အာရမ္မဏ

**၄၀၄။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည် ကုသိုလ်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ။**

အလှူကို ပေး၍, သီလကို ဆောက်တည်၍, ဥပုသ်အမှုကို ပြု၍ ထို ဒါန သီလ ဥပုသ် (စေတနာပြဋ္ဌာန်းသော ကာမာဝစရ) ကုသိုလ်ကို ဆင်ခြင်၏။

**ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ၊** ရှေး၌ ကောင်းစွာ လေ့ကျက်ပြုအပ်ကုန်ပြီးသော ဒါန သီလ ဥပုသ်(စေတနာပြဋ္ဌာန်းသော ကာမာဝစရ)ကုသိုလ်တို့ကို ဆင်ခြင်၏။

**ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ပစ္စဝေက္ခတိ၊** (မဟဂ္ဂုတ်ကုသိုလ်)ဈာန်မှ ထ၍ (မဟဂ္ဂုတ်ကုသိုလ်)ဈာန်ကို ဆင်ခြင်၏။

**သေက္ခာ ဂေါတြဘုံ ပစ္စဝေက္ခန္တိ၊ ဝေါဒါနံ ပစ္စဝေက္ခန္တိ၊** ကျင့်ဆဲသေက္ခပုဂ္ဂိုလ် (သောတာပန်)တို့သည် ဂေါတြဘုကို ဆင်ခြင်ကြကုန်၏။ ကျင့်ဆဲသေက္ခပုဂ္ဂိုလ် (သကဒါဂါမ်, အနာဂါမ်)တို့သည် ဝေါဒါန်ကို ဆင်ခြင်ကြကုန်၏။

**သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိ၊** သေက္ခပုဂ္ဂိုလ် (သောတာပန်, သကဒါဂါမ်, အနာဂါမ်)တို့သည် မဂ်မှထ၍ မဂ်ကို ဆင်ခြင်ကြကုန်၏။

**သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊** သေက္ခပုဂ္ဂိုလ်တို့သည်ရင်း, ပုထုဇဉ်တို့သည်ရင်း, (တေဘူမက)ကုသိုလ်ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှုကြကုန်၏။

**စေတောပရိယဉာဏေန ကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ၊** (သေက္ခပုဂ္ဂိုလ်တို့သည်ရင်း, ပုထုဇဉ်တို့သည်ရင်း) သူတစ်ပါး၏စိတ်ကို ပိုင်းခြား၍ သိနိုင်စွမ်းသော စေတောပရိယကုသိုလ်အဘိညာဉ်ဖြင့် ကုသိုလ်စိတ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏စိတ်ကို သိကြကုန်၏။

**အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနကုသလဿ အာရမ္မဏ-ပစ္စယေန ပစ္စယော။** (ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော) အာကာသာ-နဉ္စာယတနကုသိုလ်သည် (ဖြစ်ဆဲ)ဝိညာဏဉ္စာယတနကုသိုလ်အား အာရမ္မဏ-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတနကုသလဿ အာရမ္မဏ-ပစ္စယေန ပစ္စယော။** (ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော) အာကိဉ္စညာ

-ယတနကုသိုလ်သည် (ဖြစ်ဆဲ)နေဝသညာနာသညာယတနကုသိုလ်အား အာရမ္မဏ
-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ, စေတောပရိယဉာဏဿ, ပုဗ္ဗေနိဝါသာ-နုဿတိဉာဏဿ, ယထာကမ္မူပဂဉာဏဿ, အနာဂတံသဉာဏဿ အာရမ္မဏ-ပစ္စယေန ပစ္စယော။** ကုသိုလ်ခန္ဓာတို့သည် ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်အားရင်း, စေတောပရိယကုသိုလ်အဘိညာဉ်အားရင်း, ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်အဘိညာဉ်အားရင်း, ယထာကမ္မူပဂကုသိုလ်အဘိညာဉ်အားရင်း, အနာဂတံသကုသိုလ်အဘိညာဉ်အားရင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**၄၀၅။ ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည် အကုသိုလ်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ **ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ တံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။** အလှူကို ပေး၍, သီလကို ဆောက်တည်၍, ဥပုသ်အမှုကို ပြု၍ ထို ဒါန သီလ ဥပုသ်(စေတနာပြဋ္ဌာန်းသော ကာမာဝစရ) ကုသိုလ်ကို သာယာ၏, နှစ်သက်၏။ ထို ဒါန သီလ ဥပုသ် (စေတနာပြဋ္ဌာန်းသော ကာမ)ကုသိုလ်ကို အာရုံပြု၍ ရာဂ(စွဲလမ်းကပ်ငြိခြင်းသည်) ဖြစ်၏၊ ဒိဋ္ဌိ(အယူမှားခြင်းသည်) ဖြစ်၏၊ ဝိစိကိစ္ဆာ(ယုံမှားခြင်းသည်) ဖြစ်၏၊ ဥဒ္ဓစ္စ(ပျံ့လွင့်ခြင်းသည်) ဖြစ်၏၊ ဒေါမနဿ(စိတ်နှလုံးမသာယာခြင်းသည်) ဖြစ်၏။

**ပုဗ္ဗေ သုစိဏ္ဏာနိ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။** ရှေး၌ ကောင်းစွာ လေ့ကျက်ပြုအပ်ကုန်ပြီးသော ဒါန သီလ ဥပုသ် (စေတနာပြဋ္ဌာန်းသော ကာမာဝစရ) ကုသိုလ်တို့ကို သာယာ၏, နှစ်သက်၏၊ ထိုဒါန သီလ ဥပုသ် (စေတနာပြဋ္ဌာန်းသောကာမာဝစရ) ကုသိုလ်ကို အာရုံပြု၍ ရာဂဖြစ်၏၊ ဒိဋ္ဌိဖြစ်၏၊ ဝိစိကိစ္ဆာဖြစ်၏၊ ဥဒ္ဓစ္စဖြစ်၏၊ ဒေါမနဿဖြစ်၏။

**ဓျာနာ ဝုဋ္ဌဟိတွာ ဈာနံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။** (မဟဂ္ဂုတ်)ကုသိုလ် ဈာန်မှ ထ၍ (မဟဂ္ဂုတ်ကုသိုလ်)ဈာန်ကို သာယာ၏, နှစ်သက်၏၊ ထိုဈာန်ကို အာရုံပြု၍ ရာဂဖြစ်၏၊ ဒိဋ္ဌိဖြစ်၏၊ ဝိစိကိစ္ဆာဖြစ်၏၊ ဥဒ္ဓစ္စဖြစ်၏။

**ဈာနေ ပရိဟီနေ ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ။** လောကီဈာန်သည် ယုတ်လျော့သည်ရှိသော် (ထိုသို့ ဈာန်ယုတ်လျော့၍) စိတ်နှလုံးမသာယာသောသူအား ဒေါမနဿသည် ဖြစ်၏။

**၄၀၆။ ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည် အဗျာကတတရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခတိ။** ရဟန္တာပုဂ္ဂိုလ်သည် မဂ်မှထ၍ မဂ်ကို ဆင်ခြင်၏။

**ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ။** (ရဟန္တာပုဂ္ဂိုလ်သည်) ရှေး၌ ကောင်းစွာ ။ ပ ။ ဒါန, သီလ, အဋ္ဌင်္ဂဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်တို့ကို ဆင်ခြင်၏။

**ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။** (ရဟန္တာပုဂ္ဂိုလ်သည်) တေဘူမကကုသိုလ်ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှု၏။

**စေတောပရိယဉာဏေန ကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနာတိ။** (ရဟန္တာပုဂ္ဂိုလ်သည်) စေတောပရိယအဘိညာဉ်ဖြင့် ကုသိုလ်စိတ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏စိတ်ကို သိ၏။

**သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။** သေက္ခပုဂ္ဂိုလ်တို့သည်ရင်း, ပုထုဇဉ်တို့သည်ရင်း, ကာမကုသိုလ်ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှုကြကုန်၏၊ ကုသိုလ်ချုပ်သော် ကာမာဝစရဝိပါက်သည် တဒါရုံအဖြစ်ဖြင့် ဖြစ်ပေါ်လာ၏။

**ကုသလံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ**

**ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။** ကာမကုသိုလ်ကို သာယာ၏, နှစ်သက်၏၊ ထိုကာမကုသိုလ်ကို အာရုံပြု၍ ရာဂဖြစ်၏ ။ ပ ။ ဒေါမနဿဖြစ်၏၊ အကုသိုလ်ချုပ်သော် ကာမာဝစရဝိပါက်သည် တဒါရုံအဖြစ်ဖြင့် ဖြစ်ပေါ်လာ၏။

**အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနဝိပါကဿ စ, ကိရိယဿ စ အာရမ္မဏပစ္စယေန ပစ္စယော။** (ရှေးဘဝ ။ ပ ။ ) အာကာသာနဉ္စာယတနကုသိုလ်သည် (ဝိညာဏဉ္စာယတန ပဋိသန္ဓေ, ဘဝင်, စုတိ ဖြစ်သောအခါ) ဝိညာဏဉ္စာယတနဝိပါက်အား၊ (ဤဘဝ, ရှေးဘဝ ။ ပ ။) အာကာသာနဉ္စာယတနကုသိုလ်သည် ဝိညာဏ-ဉ္စာယတနကိရိယာဈာန် ဝင်စားသောအခါ) ဝိညာဏဉ္စာယတနကိရိယာအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတနဝိပါကဿ စ, ကိရိယဿ စ အာရမ္မဏပစ္စယေန ပစ္စယော။** (ရှေးဘဝ ။ ပ ။) အာကိဉ္စညာယတနကုသိုလ်သည် (နေဝသညာနာသညာယတန ပဋိသန္ဓေ, ဘဝင်, စုတိ ဖြစ်သောအခါ) နေဝသညာနာသညာယတနဝိပါက်အား, (ဤဘဝ, ရှေးဘဝ ။ ပ ။) အာကိဉ္စညာ-ယတနကုသိုလ်သည် (နေဝသညာနာသညာယတနကိရိယာဈာန် ဝင်စားသောအခါ) နေဝသညာနာသညာယတနကိရိယာအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလာ ခန္ဓာ စေတောပရိယဉာဏဿ, ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ, ယထာကမ္မူပဂဉာဏဿ, အနာဂတံသဉာဏဿ, အာဝဇ္ဇနာယ အာရမ္မဏ-ပစ္စယေန ပစ္စယော။** ကုသိုလ်ခန္ဓာတို့သည် စေတောပရိယကိရိယာအဘိညာဉ်အားရင်း, ပုဗ္ဗေနိဝါသာနုဿတိကိရိယာအဘိညာဉ်အားရင်း, ယထာကမ္မူပဂကိရိယာ-အဘိညာဉ်အားရင်း, အနာဂတံသကိရိယာအဘိညာဉ်အားရင်း, မနောဒွါရာဝဇ္ဇန်းအားရင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

၄၀၇။ **အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် အကုသိုလ်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့်

ကျေးဇူးပြု၏။

**ရာဂံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။** ရာဂကို သာယာ၏, နှစ်သက်၏။ ထိုရာဂကို အာရုံပြု၍ ရာဂ ॥ ပ ॥ ဒေါမနဿ ဖြစ်၏။

**ဒိဋ္ဌိံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။** ဒိဋ္ဌိကို သာယာ၏, နှစ်သက်၏။ ထိုဒိဋ္ဌိကို အာရုံပြု၍ ရာဂ ॥ ပ ॥ ဥဒ္ဓစ္စဖြစ်၏၊ ဒေါမနဿဖြစ်၏။

**ဝိစိကိစ္ဆံ အာရဗ္ဘ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။** ဝိစိကိစ္ဆာကို အာရုံပြု၍ ဝိစိကိစ္ဆာဖြစ်၏၊ ဒိဋ္ဌိဖြစ်၏၊ ဥဒ္ဓစ္စဖြစ်၏၊ ဒေါမနဿဖြစ်၏။

**ဥဒ္ဓစ္စံ အာရဗ္ဘ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။** ဥဒ္ဓစ္စကို အာရုံပြု၍ ဥဒ္ဓစ္စဖြစ်၏၊ ဒိဋ္ဌိဖြစ်၏၊ ဝိစိကိစ္ဆာဖြစ်၏၊ ဒေါမနဿဖြစ်၏။

**ဒေါမနဿံ အာရဗ္ဘ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။** ဒေါမနဿကို အာရုံပြု၍ ဒေါမနဿဖြစ်၏၊ ဒိဋ္ဌိဖြစ်၏၊ ဝိစိကိစ္ဆာဖြစ်၏၊ ဥဒ္ဓစ္စဖြစ်၏။

**၄၀၈။ အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် ကုသိုလ်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**သေက္ခာ ပဟီနေ ကိလေသေ ပစ္စဝေက္ခန္တိ။** သေက္ခပုဂ္ဂိုလ်တို့သည် ပယ်အပ်ကုန်ပြီးသော ကိလေသာတို့ကို ဆင်ခြင်ကြကုန်၏။

**ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ။** (သေက္ခပုဂ္ဂိုလ်တို့သည်) ခွာအပ်ကုန်ပြီးသောကိလေသာတို့ကို ဆင်ခြင်ကြကုန်၏။

**ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ ဇာနန္တိ။** (သေက္ခပုဂ္ဂိုလ်တို့သည်) ရှေး၌ လေ့ကျက်ပြုအပ်ကုန်ပြီးသော ကိလေသာတို့ကို သိကြကုန်၏။

**သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။** သေက္ခတို့သည်ရင်း, ပုထုဇဉ်တို့သည်ရင်း, အကုသိုလ်ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှုကြကုန်၏။

**စေတောပရိယညာဏေန အကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ။** (သေက္ခပုဂ္ဂိုလ်တို့သည်) စေတောပရိယကုသိုလ်အဘိညာဉ်ဖြင့် အကုသိုလ်စိတ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏စိတ်ကို သိကြကုန်၏။

**အကုသလာ ခန္ဓာ စေတောပရိယညာဏဿ, ပုဗ္ဗေနိဝါသာနုဿတိညာဏဿ, ယထာကမ္မူပဂညာဏဿ, အနာဂတံသညာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။** အကုသိုလ်ခန္ဓာတို့သည် စေတောပရိယကုသိုလ်အဘိညာဉ်အားရင်း, ပုဗ္ဗေနိဝါသာ-နုဿတိကုသိုလ်အဘိညာဉ်အားရင်း, ယထာကမ္မူပဂကုသိုလ်အဘိညာဉ်အားရင်း, အနာဂတံသကုသိုလ်အဘိညာဉ်အားရင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**၄၀၉။ အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် အဗျာကတတရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အရဟာ ပဟီနေ ကိလေသေ ပစ္စဝေက္ခတိ။** ရဟန္တာပုဂ္ဂိုလ်သည် ပယ်အပ်ကုန်ပြီးသော ကိလေသာတို့ကို ဆင်ခြင်၏။

**ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ ဇာနာတိ။** (ရဟန္တာပုဂ္ဂိုလ်သည်) ရှေး၌ လေ့ကျက်ပြုအပ်ကုန်ပြီးသော ကိလေသာတို့ကို သိ၏။

**အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။** (ရဟန္တာပုဂ္ဂိုလ်သည်) အကုသိုလ်ကို အနိစ္စ ဒုက္ခ အနတ္တ ဟု ဝိပဿနာရှု၏။

**စေတောပရိယညာဏေန အကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနာတိ။** (ရဟန္တာပုဂ္ဂိုလ်သည်) စေတောပရိယကိရိယာအဘိညာဉ်ဖြင့် အကုသိုလ်စိတ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏စိတ်ကို သိ၏။

**သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော**

**ဝိပဿန္တိ၊ ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။** သေက္ခပုဂ္ဂိုလ်တို့သည်၎င်း, ပုထုဇဉ်တို့သည်၎င်း အကုသိုလ်ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာ ရှုကြကုန်၏၊ ကုသိုလ်ချုပ်သော် ကာမာဝစရဝိပါက်သည် တဒါရုံအဖြစ်ဖြင့် ဖြစ်ပေါ် လာ၏။

**အကုသလံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။** အကုသိုလ်ကို သာယာ၏, နှစ်သက်၏၊ ထိုအကုသိုလ်ကို အာရုံပြု၍ ရာဂဖြစ်၏ ။ ပ ။ ဒေါမနဿဖြစ်၏၊ အကုသိုလ် ချုပ်သော် ကာမာဝစရဝိပါက်သည် တဒါရုံအဖြစ်ဖြင့် ဖြစ်ပေါ် လာ၏။

**အကုသလာ ခန္ဓာ စေတောပရိယဉာဏဿ, ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ, ယထာကမ္မူပဂဉာဏဿ, အနာဂတံသဉာဏဿ, အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စယော။** အကုသိုလ်ခန္ဓာတို့သည် စေတောပရိယကိရိယာအဘိညာဉ်အား၎င်း, ပုဗ္ဗေ-နိဝါသာနုဿတိကိရိယာအဘိညာဉ်အား၎င်း, ယထာကမ္မူပဂကိရိယာအဘိညာဉ် အား၎င်း, အနာဂတံသကိရိယာအဘိညာဉ်အား၎င်း, မနောဒွါရာဝဇ္ဇန်းအား၎င်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**၄၁၀။ အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။** အဗျာကတတရားသည် အဗျာကတတရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အရဟာ ဖလံ ပစ္စဝေက္ခတိ။** ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို ဆင်ခြင်၏။

**နိဗ္ဗာနံ ပစ္စဝေက္ခတိ။** (ရဟန္တာပုဂ္ဂိုလ်သည်) နိဗ္ဗာန်ကို ဆင်ခြင်၏။

**နိဗ္ဗာနံ ဖလဿ အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စယော။** နိဗ္ဗာန်သည် ဖိုလ် ၄-ခုအား၎င်း, မနောဒွါရာဝဇ္ဇန်းအား၎င်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။** ရဟန္တာပုဂ္ဂိုလ်သည် စက္ခုပသာဒရုပ်(မျက်စိအကြည်)ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှု၏။

**သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။** သောတပသာဒကို။ ဃာနပသာဒကို။ ဇိဝှာပသာဒကို။ ကာယပသာဒကို။ ရူပါရုံရုပ်တို့ကို။ သဒ္ဒါရုံရုပ်တို့ကို။ ဂန္ဓာရုံရုပ်တို့ကို။ ရသာရုံရုပ်တို့ကို။ ဖောဋ္ဌဗ္ဗာရုံရုပ်တို့ကို။ ဟဒယဝတ္ထုရုပ်ကို။ ဝိပါက်အဗျာကတ, ကိရိယာအဗျာကတ ဖြစ်ကုန်သောခန္ဓာတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှု၏။

**ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ။** ဒိဗ္ဗစက္ခုကိရိယာအဘိညာဉ်ဖြင့် ရူပါရုံကို မြင်၏။

**ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ။** ဒိဗ္ဗသောတကိရိယာအဘိညာဉ် ဖြင့် သဒ္ဒါရုံကို ကြား၏။

**စေတောပရိယဉာဏေန ဝိပါကာဗျာကတကိရိယာဗျာကတစိတ္တသမင်္ဂိဿ စိတ္တံ ဇာနာတိ။** စေတောပရိယကိရိယာအဘိညာဉ်ဖြင့် ဝိပါက်အဗျာကတ, ကိရိယာ-အဗျာကတစိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏စိတ်ကို သိ၏။

**အာကာသာနဉ္စာယတနကိရိယံ ဝိညာဏဉ္စာယတနကိရိယဿ အာရမ္မဏ-ပစ္စယေန ပစ္စယော။** (ဤ၁၀ ။ ပ ။) အာကာသာနဉ္စာယတနကိရိယာသည် (ဖြစ်ဆဲ) ဝိညာဏဉ္စာယတနကိရိယာအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အာကိဉ္စညာယတနကိရိယံ နေဝသညာနာသညာယတနကိရိယဿ အာရမ္မဏ-ပစ္စယေန ပစ္စယော။** (ဤ၁၀ ။ ပ ။) အာကိဉ္စညာယတနကိရိယာသည် (ဖြစ်ဆဲ) နေဝသညာနာသညာယတနကိရိယာအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ရူပါယတနံ စက္ခုဝိညာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။** ရူပါယတန သည် စက္ခုဝိညာဏ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**သဒ္ဒါယတနံ သောတဝိညာဏဿ။ ဂန္ဓာယတနံ ဃာနဝိညာဏဿ။ ရသာ-ယတနံ ဇိဝှါဝိညာဏဿ။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။** သဒ္ဒါယတနသည် သောတဝိညာဏ်အား၊ ဂန္ဓာယတနသည် ဃာနဝိညာဏ် အား၊ ရသာယတနသည် ဇိဝှါဝိညာဏ်အား၊ ဖောဋ္ဌဗ္ဗာယတနသည် ကာယဝိညာဏ် အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အဗျာကတာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ, စေတောပရိယဉာဏဿ, ပုဗ္ဗေနိဝါသာ-နုဿတိဉာဏဿ, အနာဂတံသဉာဏဿ, အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စယော။** အဗျာကတခန္ဓာတို့သည် ဣဒ္ဓိဝိဓကိရိယာအဘိညာဉ်အားရင်း, စေတော-ပရိယကိရိယာအဘိညာဉ်အားရင်း, ပုဗ္ဗေနိဝါသာနုဿတိကိရိယာအဘိညာဉ်အားရင်း, အနာဂတံသကိရိယာအဘိညာဉ်အားရင်း, မနောဒွါရာဝဇ္ဇန်းအားရင်း အာရမ္မဏ-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**၄၁၁။ အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။** အဗျာကတတရားသည် ကုသိုလ်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**သေက္ခာ ဖလံ ပစ္စဝေက္ခန္တိ။** သေက္ခပုဂ္ဂိုလ်တို့သည် မိမိဖိုလ်ကို ဆင်ခြင်ကြကုန်၏။

**နိဗ္ဗာနံ ပစ္စဝေက္ခန္တိ။** (သေက္ခပုဂ္ဂိုလ်တို့သည်) နိဗ္ဗာန်ကို ဆင်ခြင်ကြကုန်၏။

**နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ အာရမ္မဏပစ္စယေန ပစ္စယော။**

နိဗ္ဗာန်သည် ဂေါတြဘုအားရင်း, ဝေါဒါန်အားရင်း, မဂ် ၄-ခုတို့အားရင်း အာရမ္မဏ -ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။** သေက္ခပုဂ္ဂိုလ်တို့သည် စက္ခုပသာဒရုပ်ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှုကြကုန်၏။

**သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။** သောတပသာဒကို။ ဃာနပသာဒကို။ ဇိဝှာပသာဒကို။ ကာယပသာဒကို။ ရူပါရုံရုပ်တို့ကို။ သဒ္ဒါရုံရုပ်တို့ကို။ ဂန္ဓာရုံရုပ်တို့ကို။ ရသာရုံရုပ်တို့ကို။ ဖောဋ္ဌဗ္ဗာရုံရုပ်တို့ကို။ ဟဒယဝတ္ထုရုပ်ကို။ ဝိပါက်အဗျာကတ, ကိရိယာအဗျာကတဖြစ်ကုန်သောခန္ဓာတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှုကြကုန်၏။

**ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿန္တိ။** ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဉ်ဖြင့် ရူပါရုံကို မြင်ကြကုန်၏။

**ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏန္တိ။** ဒိဗ္ဗသောတကုသိုလ်အဘိညာဉ်ဖြင့်

သဒ္ဒါရုံကို ကြားကြကုန်၏။

**စေတောပရိယဉာဏေန ဝိပါကာဗျာကတကိရိယာဗျာကတစိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ။** စေတောပရိယကုသိုလ်အဘိညာဉ်ဖြင့် ဝိပါက်အဗျာကတ, ကိရိယာ-အဗျာကတစိတ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏စိတ်ကို သိ၏။

**အဗျာကတာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ, စေတောပရိယဉာဏဿ, ပုဗ္ဗေနိဝါသာ-နုဿတိဉာဏဿ, အနာဂတံသဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။** အဗျာကတ-ခန္ဓာတို့သည် ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်အားရင်း, စေတောပရိယကုသိုလ်အဘိညာဉ်အားရင်း, ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်အဘိညာဉ်အားရင်း, အနာဂတံသကုသိုလ်-အဘိညာဉ်အားရင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**၄၁၂။ အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။** အဗျာကတတရားသည် အကုသိုလ်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**စက္ခုံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။** စက္ခုပသာဒကို သာယာ၏, နှစ်သက်၏၊ ထိုစက္ခုပသာဒကို အာရုံပြု၍ ရာဂဖြစ်၏ ။ ပ ။ ဒေါမနဿဖြစ်၏။

**သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။** သောတပသာဒကို။ ဃာနပသာဒကို။ ဇိဝှာပသာဒကို။ ကာယပသာဒကို။ ရူပါရုံရုပ်တို့ကို။ သဒ္ဒါရုံရုပ်တို့ကို။ ဂန္ဓာရုံရုပ်တို့ကို။ ရသာရုံရုပ်တို့ကို။ ဖောဋ္ဌဗ္ဗာရုံရုပ်တို့ကို။ ဟဒယဝတ္ထုရုပ်ကို။ ဝိပါက်အဗျာကတ, ကိရိယာအဗျာကတဖြစ်ကုန်သောခန္ဓာတို့ကို သာယာ၏, နှစ်သက်၏၊ ထိုသောတပသာဒကို ။ ပ ။ အာရုံပြု၍ ရာဂဖြစ်၏ ။ ပ ။ ဒေါမနဿဖြစ်၏။

## **အဓိပတိ**

**၄၁၃။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည် ကုသိုလ်တရားအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ **အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။** အဓိပတိပစ္စည်းသည် အာရမ္မဏာဓိပတိပစ္စည်း၊ သဟဇာတာဓိပတိပစ္စည်းဟူ၍ ၂-ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် -

**အာရမ္မဏာဓိပတိ** - အာရမ္မဏာဓိပတိပစ္စည်း (အာရုံအနေအားဖြင့် လွန်ကဲသော အစိုးရခြင်း)ကို ဤသို့ မှတ်အပ်၏။

**ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ တံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။** အလှူကို ပေး၍, သီလကို ဆောက်တည်၍, ဥပုသ်အမှုကို ပြု၍ ထို ဒါန သီလ ဥပုသ် စေတနာပြဋ္ဌာန်းသော ကာမာဝစရ) ကုသိုလ်ကို အလေးအမြတ်ပြု၍ ဆင်ခြင်၏။

**ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ ပစ္စဝေက္ခတိ။** ရှေး၌ ကောင်းစွာ လေ့ကျက်ပြုအပ်ကုန်ပြီးသော ဒါန သီလ ဥပုသ် (စေတနာပြဋ္ဌာန်းသော ကာမာဝစရ)ကုသိုလ်တို့ကို အလေးအမြတ်ပြု၍ ဆင်ခြင်၏။

**ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။** (မဟဂ္ဂုတ်ကုသိုလ်)ဈာန်မှ ထ၍ (မဟဂ္ဂုတ်ကုသိုလ်)ဈာန်ကို အလေးအမြတ်ပြု၍ ဆင်ခြင်၏။

**သေက္ခာ ဂေါတြဘုံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။** ကျင့်ဆဲသေက္ခပုဂ္ဂိုလ် (သောတာပန်)တို့သည် ဂေါတြဘူကို အလေးအမြတ်ပြု၍ ဆင်ခြင်ကြကုန်၏။

**ဝေါဒါနံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။** ကျင့်ဆဲသေက္ခပုဂ္ဂိုလ် (သကဒါဂါမ်, အနာဂါမ်)တို့သည် ဝေါဒါန်ကို အလေးအမြတ်ပြု၍ ဆင်ခြင်ကြကုန်၏။

**သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။** သေက္ခပုဂ္ဂိုလ် (သောတာပန်, သကဒါဂါမ်, အနာဂါမ်)တို့သည် မဂ်မှထ၍ မဂ်ကို အလေးအမြတ်ပြု၍ ဆင်ခြင်ကြကုန်၏။

**သဟဇာတာဓိပတိ** - သဟဇာတာဓိပတိပစ္စည်း (အတူတကွဖြစ်၍ လွန်ကဲသော

အစိုးရခြင်း)ကို ဤသို့ မှတ်အပ်၏။

**ကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော။** ကုသိုလ် အဓိပတိသည် ယှဉ်ဖက်ခန္ဓာတို့အား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**၄၁၄။ ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည် အကုသိုလ်တရားအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ **အာရမ္မဏာဓိပတိ** - အာရမ္မဏာဓိပတိပစ္စည်းကို ဤသို့ မှတ်အပ်၏။

**ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ တံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။** ဒါနကို ပေး၍, သီလကို ဆောက်တည်၍, ဥပုသ်အမှုကို ပြု၍ ထို ဒါန သီလ ဥပုသ် (စေတနာပြဋ္ဌာန်းသောကာမာဝစရ)ကုသိုလ်ကို အလေးအမြတ်ပြု၍ သာယာ၏, နှစ်သက်၏၊ ထိုဒါန သီလ ဥပုသ်(စေတနာပြဋ္ဌာန်းသောကာမ)ကုသိုလ်ကို အလေးအမြတ်ပြု၍ ရာဂဖြစ်၏၊ ဒိဋ္ဌိဖြစ်၏။

**ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။** ရှေး၌ ကောင်းစွာ လေ့ကျက်ပြုအပ်ကုန်ပြီးသော ဒါန သီလ ဥပုသ်(စေတနာပြဋ္ဌာန်းသော ကာမာဝစရ) ကုသိုလ်တို့ကို အလေးအမြတ်ပြု၍ သာယာ၏, နှစ်သက်၏၊ ထို ဒါန သီလ ဥပုသ် (စေတနာပြဋ္ဌာန်းသောကာမ) ကုသိုလ်ကို အလေးအမြတ်ပြု၍ ရာဂဖြစ်၏၊ ဒိဋ္ဌိဖြစ်၏။

**ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ။ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။** (မဟဂ္ဂုတ်)ကုသိုလ်ဈာန်မှ ထ၍ (မဟဂ္ဂုတ်ကုသိုလ်) ဈာန်ကို အလေးအမြတ်ပြု၍ သာယာ၏, နှစ်သက်၏။ ထိုဈာန်ကို အလေးအမြတ် ပြု၍ ရာဂဖြစ်၏၊ ဒိဋ္ဌိဖြစ်၏။

**ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည် အဗျာကတတရားအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ **အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။** အာရမ္မဏာဓိပတိပစ္စည်း၊ သဟဇာတာဓိပတိ

ပစ္စည်းဟူ၍ ၂-ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် -

**အာရမ္မဏာဓိပတိ** - အာရမ္မဏာဓိပတိပစ္စည်းကို ဤသို့ မှတ်အပ်၏။

**အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။** ရဟန္တာပုဂ္ဂိုလ်သည် မဂ်မှ ထ၍ မဂ်ကို အလေးအမြတ်ပြု၍ ဆင်ခြင်၏။

**သဟဇာတာဓိပတိ** - သဟဇာတာဓိပတိပစ္စည်းကို ဤသို့ မှတ်အပ်၏။

**ကုသလာဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။** ကုသိုလ် အဓိပတိသည် စိတ္တဇရုပ်တို့အား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည် ကုသိုလ်တရားအားရင်း, အဗျာကတတရားအားရင်း အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**သဟဇာတာဓိပတိ** - သဟဇာတာဓိပတိပစ္စည်းကို ဤသို့ မှတ်အပ်၏။

**ကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ, စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။** ကုသိုလ်အဓိပတိသည် ယှဉ်ဖက်ခန္ဓာတို့အားရင်း, စိတ္တဇရုပ်တို့ အားရင်း အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**၄၁၅။ အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။** အကုသိုလ်တရားသည် အကုသိုလ်တရားအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အဓိပတိပစ္စည်းသည် အာရမ္မဏာဓိပတိပစ္စည်း၊ သဟဇာတာဓိပတိပစ္စည်းဟူ၍ ၂-ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် -

**အာရမ္မဏာဓိပတိ** - အာရမ္မဏာဓိပတိပစ္စည်းကို ဤသို့ မှတ်အပ်၏။

**ရာဂံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။** ရာဂကို အလေးအမြတ်ပြု၍ သာယာ၏, နှစ်သက်၏၊ ထိုရာဂကို အလေးအမြတ်ပြု၍ ရာဂဖြစ်၏၊ ဒိဋ္ဌိဖြစ်၏။

**ဒိဋ္ဌိံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊**

ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ဒိဋ္ဌိကို အလေးအမြတ်ပြု၍ သာယာ၏, နှစ်သက်၏၊ ထိုဒိဋ္ဌိကို အလေး အမြတ်ပြု၍ ရာဂဖြစ်၏၊ ဒိဋ္ဌိဖြစ်၏။

**သဟဇာတာဓိပတိ** - သဟဇာတာဓိပတိပစ္စည်းကို ဤသို့ မှတ်အပ်၏။

**အကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော။** အကုသိုလ်အဓိပတိသည် ယှဉ်ဖက်ခန္ဓာတို့အား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် အဗျာကတတရားအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**သဟဇာတာဓိပတိ - အကုသလာဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။** သဟဇာတာဓိပတိပစ္စည်းကို ဤသို့ မှတ်အပ်၏။ အကုသိုလ်အဓိပတိသည် စိတ္တဇရုပ်တို့အား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အဓိပတိ-ပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် အကုသိုလ်တရားအားရင်း, အဗျာကတ တရားအားရင်း အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**သဟဇာတာဓိပတိ - အကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ, စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။** သဟဇာတာဓိပတိပစ္စည်းကို ဤသို့ မှတ်အပ်၏။ အကုသိုလ်အဓိပတိသည် ယှဉ်ဖက်ခန္ဓာတို့အားရင်း, စိတ္တဇရုပ်တို့အားရင်း အဓိပတိ-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

၄၁၆။ **အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။** အဗျာကတတရားသည် အဗျာကတတရားအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အဓိပတိပစ္စည်းသည် အာရမ္မဏာဓိပတိပစ္စည်း၊ သဟဇာတာဓိပတိပစ္စည်းဟူ၍ ၂-ပါးအပြား ရှိ၏။ ထို ၂-ပါးတို့တွင် -

**အာရမ္မဏာဓိပတိ - အရဟာ ဖလံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။** အာရမ္မဏာ-

ဓိပတိပစ္စည်းကို ဤသို့ မှတ်အပ်၏။ ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို အလေး အမြတ်ပြု၍ ဆင်ခြင်၏။

**နိဗ္ဗာနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။** (ရဟန္တာပုဂ္ဂိုလ်သည်) နိဗ္ဗာန်ကို အလေးအမြတ် ပြု၍ ဆင်ခြင်၏။

**နိဗ္ဗာနံ ဖလဿ အဓိပတိပစ္စယေန ပစ္စယော။** နိဗ္ဗာန်သည် ဖိုလ် ၄-ခုအား, အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**သဟဇာတာဓိပတိ - ဝိပါကာဗျာကတကိရိယာဗျာကတာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ, စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။** သဟဇာတာဓိပတိ- ပစ္စည်းကို ဤသို့ မှတ်အပ်၏။ ဝိပါက်အဗျာကတ ကိရိယာအဗျာကတဖြစ်သော အဓိပတိသည် ယှဉ်ဖက်ခန္ဓာတို့အားရင်း, စိတ္တဇရုပ်တို့အားရင်း အဓိပတိပစ္စယသတ္တိ ဖြင့် ကျေးဇူးပြု၏။

**အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။** အဗျာကတတရားသည် ကုသိုလ်တရားအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အာရမ္မဏာဓိပတိ - သေက္ခာ ဖလံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။** အာရမ္မဏာ- ဓိပတိပစ္စည်းကို ဤသို့ မှတ်အပ်၏။ သေက္ခပုဂ္ဂိုလ်တို့သည် မိမိဖိုလ်ကို အလေး အမြတ်ပြု၍ ဆင်ခြင်ကြကုန်၏။

**နိဗ္ဗာနံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။** (သေက္ခပုဂ္ဂိုလ်တို့သည်) နိဗ္ဗာန်ကို အလေးအမြတ် ပြု၍ ဆင်ခြင်ကြကုန်၏။

**နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ အဓိပတိပစ္စယေန ပစ္စယော။** နိဗ္ဗာန်သည် ဂေါတြဘုအားရင်း, ဝေါဒါန်အားရင်း, မဂ် ၄-ခုတို့အားရင်း အဓိပတိ- ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။** အဗျာကတတရားသည် အကုသိုလ်တရားအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အာရမ္မဏာဓိပတိ - စက္ခုံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ**

**ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။** အာရမ္မဏာဓိပတိပစ္စည်းကို ဤသို့ မှတ်အပ်၏။ စက္ခုပသာဒရုပ်ကို အလေးအမြတ်ပြု၍ သာယာ၏, နှစ်သက်၏၊ ထိုစက္ခု-ပသာဒရုပ်ကို အလေးအမြတ်ပြု၍ ရာဂဖြစ်၏။ ဒိဋ္ဌိဖြစ်၏။

**သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။** သောတပသာဒကို။ ဃာနပသာဒကို။ ဇိဝှာပသာဒကို။ ကာယပသာဒကို။ ရူပါရုံရုပ်တို့ကို။ သဒ္ဒါရုံရုပ်တို့ကို။ ဂန္ဓာရုံရုပ်တို့ကို။ ရသာရုံရုပ်တို့ကို။ ဖောဋ္ဌဗ္ဗာရုံရုပ်တို့ကို။ ဟဒယဝတ္ထုရုပ်ကို။ ဝိပါက်အဗျာကတ, ကိရိယာအဗျာကတ ဖြစ်ကုန်သောခန္ဓာတို့ကို အလေးအမြတ်ပြု၍ သာယာ၏, နှစ်သက်၏၊ ထိုသောတပသာဒရုပ်ကို။ ပ ။အလေးအမြတ်ပြု၍ ရာဂဖြစ်၏။ ဒိဋ္ဌိဖြစ်၏။

## အနန္တရ

**၄၁၇။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည် ကုသိုလ်တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရ-ပစ္စယေန ပစ္စယော။** ရှေးရှေး၌ ဖြစ်ကုန်သော ကုသိုလ်ခန္ဓာတို့သည် နောက်နောက်၌ ဖြစ်ကုန်သော ကုသိုလ်ခန္ဓာတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အနုလောမံ ဂေါတြဘုဿ။** အနုလောမဉာဏ်သည် ဂေါတြဘူအား၊ **အနုလောမံ ဝေါဒါနဿ၊** အနုလောမဉာဏ်သည် ဝေါဒါန်အား၊ **ဂေါတြဘု မဂ္ဂဿ။** ဂေါတြဘူသည် သောတာပတ္တိမဂ်အား၊ **ဝေါဒါနံ မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော။** ဝေါဒါန်သည် အထက်မဂ် ၃-ခုအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည် အဗျာကတတရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလံ ဝုဋ္ဌာနဿ။** ကုသိုလ်သည် တဒါရုံ, ဘဝင်အား၊ **မဂ္ဂေါ ဖလဿ။** (ဆိုင်ရာ)မဂ် ၄-ခုသည် (ဆိုင်ရာ)ဖိုလ် ၄-ခုအား၊ **အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ။** အနုလောမဉာဏ်သည် သေက္ခဖြစ်သော (သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်ဟူသော) ဖလသမာပတ်အား၊ **နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ၊** နိရောဓသမာပတ်မှ ထသော အနာဂါမ်ပုဂ္ဂိုလ်၏ နေဝသညာနာသညာယတနကုသိုလ်သည် (အနာဂါမိဖိုလ်ဟု ဆိုအပ်သော) ဖလသမာပတ်အား၊ **အနန္တရပစ္စယေန ပစ္စယော။** အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် အကုသိုလ်တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။** ရှေးရှေး၌ ဖြစ်ကုန်သော အကုသိုလ်ခန္ဓာတို့သည် နောက်နောက်၌ ဖြစ်ကုန်သော အကုသိုလ်ခန္ဓာတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် အဗျာကတတရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလံ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော။** အကုသိုလ်သည် တဒါရုံ, ဘဝင်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။** အဗျာကတတရားသည် အဗျာကတတရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။** ရှေးရှေး၌ဖြစ်ကုန်သော ဝိပါက်အဗျာကတ ကိရိယာအဗျာကတခန္ဓာတို့သည် နောက်နောက်၌ ဖြစ်ကုန်သော ဝိပါက်အဗျာကတ ကိရိယာအဗျာကတခန္ဓာတို့အား အနန္တရ

-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဘဝင် အာဝဇ္ဇနာယ။** ဘဝင်သည် အာဝဇ္ဇန်းဒွေးအား၊ **ကိရိယံ ဝုဋ္ဌာနဿ။** ကြိယာအဆုံးဇော, ဒုတိယဝုဋ္ဌောသည် တဒါရုံ, ဘဝင်အား၊ **အရဟတော အနုလောမံ ဖလသမာပတ္တိယာ။** ရဟန္တာပုဂ္ဂိုလ်၏ အနုလုံသည် ဖလသမာပတ်အား၊ **နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကိရိယံ ဖလသမာပတ္တိယာ။** နိရောဓ သမာပတ်မှထသော ရဟန္တာပုဂ္ဂိုလ်၏ နေဝသညာနာသညာယတနကိရိယာသည် (အရဟတ္တဖိုလ်ဟု ဆိုအပ်သော) ဖလသမာပတ်အား၊ **အနန္တရပစ္စယေန ပစ္စယော။** အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။** အဗျာကတတရားသည် ကုသိုလ်တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။** ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်းသည် (မဟာကုသိုလ်ပထမဇော) ကုသိုလ်ခန္ဓာတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။** အဗျာကတတရားသည် အကုသိုလ်တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အာဝဇ္ဇနာ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။** ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်းသည် (အကုသိုလ်ပထမဇော)အကုသိုလ်ခန္ဓာတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## သမနန္တရ

(၄၁၈။ သမနန္တရပစ္စည်းသည် အနန္တရပစ္စည်းနှင့် တူ၏၊ 'အနန္တရ'အစား 'သမနန္တရ' ဟု ပြောင်းလဲပူဇော်ရုံသာ ထူး၏။)

**သဟဇာတ**

**၄၁၉။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော၊** ကုသိုလ်တရားသည် ကုသိုလ်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော၊** ကုသိုလ်နာမက္ခန္ဓာတစ်ပါးသည် ကုသိုလ်နာမက္ခန္ဓာသုံးပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**တယော ခန္ဓာ ဧကဿ ခန္ဓဿ သဟဇာတပစ္စယေန ပစ္စယော။** ခန္ဓာသုံးပါးသည် ခန္ဓာတစ်ပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။** ခန္ဓာနှစ်ပါးသည် ခန္ဓာနှစ်ပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော၊** ကုသိုလ်တရားသည် အဗျာကတတရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။** ကုသိုလ်ခန္ဓာတို့သည် စိတ္တဇရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော၊** ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်း, အဗျာကတတရားအားလည်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။** ကုသိုလ်နာမက္ခန္ဓာတစ်ပါးသည် ကုသိုလ်နာမက္ခန္ဓာသုံးပါးအားလည်း, စိတ္တဇရုပ်တို့အားလည်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။** ခန္ဓာသုံးပါးသည် ခန္ဓာတစ်ပါးအားလည်း, စိတ္တဇရုပ်တို့အားလည်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။** ခန္ဓာနှစ်ပါးသည် ခန္ဓာနှစ်ပါးအားရင်း, စိတ္တဇရုပ်တို့အားရင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် အကုသိုလ်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။** အကုသိုလ်နာမက္ခန္ဓာတစ်ပါးသည် အကုသိုလ်နာမက္ခန္ဓာသုံးပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာသုံးပါးသည် ခန္ဓာတစ်ပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာနှစ်ပါးသည် ခန္ဓာနှစ်ပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် အဗျာကတတရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။** အကုသိုလ်ခန္ဓာတို့သည် စိတ္တဇရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် အကုသိုလ်တရားအားရင်း, အဗျာကတတရားအားရင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။** အကုသိုလ်နာမက္ခန္ဓာတစ်ပါးသည် အကုသိုလ်နာမက္ခန္ဓာသုံးပါးအားရင်း, စိတ္တဇရုပ်တို့အားရင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန**

**ပစ္စယော။** ခန္ဓာသုံးပါးသည် ခန္ဓာတစ်ပါးအားရင်း, စိတ္တဇရုပ်တို့အားရင်း သဟဇာတ-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာနှစ်ပါးသည် ခန္ဓာနှစ်ပါးအားရင်း, စိတ္တဇရုပ်တို့အားရင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။** အဗျာကတတရားသည် အဗျာကတတရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဝိပါကာဗျာကတော ကိရိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။** ဝိပါက်အဗျာကတ, ကိရိယာအဗျာကတနာမက္ခန္ဓာတစ်ပါးသည် (ဝိပါက်အဗျာကတ, ကိရိယာအဗျာကတ)နာမက္ခန္ဓာသုံးပါးအားရင်း, စိတ္တဇရုပ်အားရင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။** ခန္ဓာသုံးပါးသည် ခန္ဓာတစ်ပါးအားရင်း, စိတ္တဇရုပ်အားရင်း သဟဇာတ-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာနှစ်ပါးသည် ခန္ဓာနှစ်ပါးအားရင်း, စိတ္တဇရုပ်တို့အားရင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။** ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတနာမက္ခန္ဓာတစ်ပါးသည် (ဝိပါက်အဗျာကတ) နာမက္ခန္ဓာသုံးပါးအားရင်း, ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**တယော ခန္ဓာ ဧကဿ ခန္ဓဿ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။**

ခန္ဓာသုံးပါးသည် ခန္ဓာတစ်ပါးအားရင်း, ပဋိသန္ဓေကမ္မဇရုပ်အားရင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာနှစ်ပါးသည် ခန္ဓာနှစ်ပါးအားရင်း, ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ခန္ဓာ ဝတ္ထုဿ သဟဇာတပစ္စယေန ပစ္စယော။ ဝတ္ထု ခန္ဓာနံ သဟဇာတပစ္စယေန**

ပစ္စယော။ နာမက္ခန္ဓာတို့သည် မှီရာဝတ္ထုရုပ်အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မှီရာဝတ္ထုရုပ်သည် နာမက္ခန္ဓာတို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။** မဟာဘုတ်တစ်ပါးသည် မဟာဘုတ်သုံးပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။** မဟာဘုတ်သုံးပါးသည် မဟာဘုတ်တစ်ပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်နှစ်ပါးသည် မဟာဘုတ်နှစ်ပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။** မဟာဘုတ်တို့သည် စိတ္တဇရုပ်တို့အားရင်း, ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း, ဥပါဒါရုပ်တို့အားရင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဗာဟိရံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။** အပသန္တာန်၌ဖြစ်သော မဟာဘုတ်တစ်ပါးသည် မဟာဘုတ်သုံးပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်သုံးပါးသည် မဟာဘုတ်တစ်ပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်နှစ်ပါးသည် မဟာဘုတ်နှစ်ပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အာဟာရသမုဋ္ဌာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။** အာဟာရကြောင့်ဖြစ်သော မဟာဘုတ်တစ်ပါးသည် မဟာဘုတ်သုံးပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု

၏။ မဟာဘုတ်သုံးပါးသည် မဟာဘုတ်တစ်ပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်နှစ်ပါးသည် မဟာဘုတ်နှစ်ပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဥတုသမုဋ္ဌာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။** ဥတုကြောင့်ဖြစ်သော မဟာ-ဘုတ်တစ်ပါးသည် မဟာဘုတ်သုံးပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်သုံးပါးသည် မဟာဘုတ်တစ်ပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်နှစ်ပါးသည် မဟာဘုတ်နှစ်ပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အသညသတ္တာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။** အသည-သတ်(ဘုံရှိ) မဟာဘုတ်တစ်ပါးသည် မဟာဘုတ်သုံးပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်သုံးပါးသည် မဟာဘုတ်တစ်ပါးအား သဟဇာတပစ္စယ-သတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်နှစ်ပါးသည် မဟာဘုတ်နှစ်ပါးအား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်တို့သည် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်း, ဥပါဒါရုပ်တို့အားလည်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ သဟဇာတ-ပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည်လည်း, အဗျာကတတရားသည်လည်း အဗျာကတ

တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။** ကုသိုလ်ခန္ဓာတို့သည်၎င်း, မဟာဘုတ်တို့သည်၎င်း စိတ္တဇရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ သဟဇာတ-ပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည်၎င်း, အဗျာကတတရားသည်၎င်း အဗျာ-ကတတရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။** အကုသိုလ်ခန္ဓာတို့သည်၎င်း, မဟာဘုတ်တို့သည်၎င်း စိတ္တဇရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## အညမည

၄၂၀။ **ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမညပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည် ကုသိုလ်တရားအား အညမည-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ကုသိုလ်နာမက္ခန္ဓာတစ်ပါးသည် ကုသိုလ်နာမက္ခန္ဓာသုံးပါးအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာသုံးပါးသည် ခန္ဓာတစ်ပါးအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာနှစ်ပါးသည် ခန္ဓာနှစ်ပါးအား အညမည-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ တယော**

**ခန္ဓာ ကေသဿ ခန္ဓဿ အညမညပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် အကုသိုလ်တရားအား အညမည-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အကုသိုလ်နာမက္ခန္ဓာတစ်ပါးသည် အကုသိုလ်နာမ-က္ခန္ဓာသုံးပါးအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာသုံးပါးသည် ခန္ဓာတစ်ပါးအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာနှစ်ပါးသည် ခန္ဓာနှစ်ပါးအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။** အဗျာကတတရားသည် အဗျာကတတရားအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဝိပါကာဗျာကတော ကိရိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။** ဝိပါက်အဗျာကတ, ကိရိယာအဗျာကတနာမက္ခန္ဓာတစ်ပါးသည် (ဝိပါက်အဗျာကတ, ကိရိယာအဗျာကတ)နာမက္ခန္ဓာသုံးပါးအား အညမည-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမညပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။** ခန္ဓာသုံးပါးသည် ခန္ဓာတစ်ပါးအား အညမည-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာနှစ်ပါးသည် ခန္ဓာနှစ်ပါးအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ဝတ္ထုဿ စ အညမညပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ ဝတ္ထုဿ စ အညမည-ပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ဝတ္ထုဿ စ အညမညပစ္စယေန ပစ္စယော။ ခန္ဓာ ဝတ္ထုဿ အညမညပစ္စယေန ပစ္စယော။ ဝတ္ထု ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။** ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတနာမက္ခန္ဓာတစ်ပါးသည် (ဝိပါက်အဗျာကတ) နာမက္ခန္ဓာသုံးပါးအားငင်း, မှီရာဝတ္ထုရုပ်အားငင်း အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာသုံးပါးသည် ခန္ဓာတစ်ပါးအားငင်း, မှီရာဝတ္ထုရုပ်အားငင်း အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာနှစ်ပါးသည် ခန္ဓာနှစ်ပါးအားငင်း, မှီရာ

ဝတ္ထုရုပ်အားရင်း အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ နာမက္ခန္ဓာတို့သည် မှီရာဝတ္ထုရုပ်အား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မှီရာဝတ္ထုရုပ်သည် နာမက္ခန္ဓာတို့အား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ အညမညပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။** မဟာဘုတ်တစ်ပါးသည် မဟာဘုတ်သုံးပါးအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်သုံးပါးသည် မဟာဘုတ်တစ်ပါးအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်နှစ်ပါးသည် မဟာဘုတ်နှစ်ပါးအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဗာဟိရံ၊ အာဟာရသမုဋ္ဌာနံ။ ဥတုသမုဋ္ဌာနံ၊ ။ အသညသတ္တာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။ ပ ။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။** အပသန္တာန်၌ဖြစ်သော။ အာဟာရကြောင့်ဖြစ်သော။ ဥတုကြောင့်ဖြစ်သော။ ။ အသညသတ်(ဘုံရှိ) မဟာဘုတ်တစ်ပါးသည် မဟာဘုတ်သုံးပါးအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ ။ ပ ။ မဟာဘုတ်နှစ်ပါးသည် မဟာဘုတ်နှစ်ပါးအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## နိဿယ

**၄၂၁။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည် ကုသိုလ်တရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ကုသိုလ်နာမက္ခန္ဓာတစ်ပါးသည် ကုသိုလ်နာမက္ခန္ဓာသုံးပါးအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာသုံးပါးသည် ခန္ဓာတစ်ပါးအား နိဿယပစ္စယသတ္တိဖြင့်

ကျေးဇူးပြု၏။ ခန္ဓာနှစ်ပါးသည် ခန္ဓာနှစ်ပါးအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည် အဗျာကတတရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ကုသိုလ်ခန္ဓာတို့သည် စိတ္တဇရုပ်တို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော၊ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော၊ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည် ကုသိုလ်တရားအား၎င်း, အဗျာကတတရားအား၎င်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ကုသိုလ်နာမက္ခန္ဓာတစ်ပါးသည် ကုသိုလ်နာမက္ခန္ဓာသုံးပါးအား၎င်း, စိတ္တဇရုပ်တို့အား၎င်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာသုံးပါးသည် ခန္ဓာတစ်ပါးအား၎င်း, စိတ္တဇရုပ်တို့အား၎င်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာနှစ်ပါးသည် ခန္ဓာနှစ်ပါးအား၎င်း, စိတ္တဇရုပ်တို့အား၎င်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော၊ တယော ခန္ဓာ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် အကုသိုလ်တရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အကုသိုလ်နာမက္ခန္ဓာတစ်ပါးသည် အကုသိုလ်နာမက္ခန္ဓာသုံးပါးအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာသုံးပါးသည် ခန္ဓာတစ်ပါးအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာနှစ်ပါးသည် ခန္ဓာနှစ်ပါးအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ အကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် အဗျာကတတရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အကုသိုလ်ခန္ဓာတို့သည် စိတ္တဇရုပ်တို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် အကုသိုလ်တရားအားရင်း, အဗျာကတတရားအားရင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အကုသိုလ်နာမက္ခန္ဓာတစ်ပါးသည် အကုသိုလ်နာမက္ခန္ဓာသုံးပါးအားရင်း, စိတ္တဇရုပ်တို့အားရင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာသုံးပါးသည် ခန္ဓာတစ်ပါးအားရင်း, စိတ္တဇရုပ်တို့အားရင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာနှစ်ပါးသည် ခန္ဓာနှစ်ပါးအားရင်း, စိတ္တဇရုပ်တို့အားရင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတော ကိရိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။** အဗျာကတတရားသည် အဗျာကတတရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဝိပါက်အဗျာကတ, ကိရိယာအဗျာကတနာမက္ခန္ဓာတစ်ပါးသည် (ဝိပါက်အဗျာကတ, ကိရိယာအဗျာကတ) နာမက္ခန္ဓာသုံးပါးအားရင်း, စိတ္တဇရုပ်အားရင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာသုံးပါးသည် ခန္ဓာတစ်ပါးအားရင်း, စိတ္တဇရုပ်အားရင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာနှစ်ပါးသည် ခန္ဓာနှစ်ပါးအားရင်း, စိတ္တဇရုပ်အားရင်း နိဿယပစ္စယသတ္တိ

ဖြင့် ကျေးဇူးပြု၏။

**ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ ကဋတ္တာ စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ ခန္ဓာ ဝတ္ထုဿ နိဿယပစ္စယေန ပစ္စယော။ ဝတ္ထု ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။** ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတနာမက္ခန္ဓာတစ်ပါးသည် နာမက္ခန္ဓာသုံးပါးအားရင်း, ကမ္မဇရုပ်အားရင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာသုံးပါးသည် ခန္ဓာတစ်ပါးအားရင်း, ကမ္မဇရုပ်အားရင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာနှစ်ပါးသည် ခန္ဓာနှစ်ပါးအားရင်း, ကမ္မဇရုပ်အားရင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ နာမက္ခန္ဓာတို့သည် မှီရာဝတ္ထုရုပ်အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မှီရာဝတ္ထုရုပ်သည် နာမက္ခန္ဓာတို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ နိဿယပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ နိဿယပစ္စယေန ပစ္စယော။ မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ, ကဋတ္တာရူပါနံ, ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။** မဟာဘုတ်တစ်ပါးသည် မဟာဘုတ်သုံးပါးအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်သုံးပါးသည် မဟာဘုတ်တစ်ပါးအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်နှစ်ပါးသည် မဟာဘုတ်နှစ်ပါးအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်တို့သည် စိတ္တဇရုပ်တို့အားရင်း, ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း, ဥပါဒါရုပ်တို့အားရင်း နိဿယ-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဗာဟိရံ၊ အာဟာရသမုဋ္ဌာနံ၊ ဥတုသမုဋ္ဌာနံ။** အပသန္တာန်၌ဖြစ်သော။ အာဟာရကြောင့်ဖြစ်သော။ ဥတုကြောင့်ဖြစ်သော။

**အသညသတ္တာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ နိဿယပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ နိဿယပစ္စယေန**

**ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ နိဿယပစ္စယေန ပစ္စယော။ မဟာဘူတာ ကဋတ္တာရူပါနံ, ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။** အသညသတ်(ဘုံရှိ)မဟာဘုတ်တစ်ပါးသည် မဟာဘုတ်သုံးပါးအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်သုံးပါးသည် မဟာဘုတ်တစ်ပါးအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်နှစ်ပါးသည် မဟာဘုတ်နှစ်ပါးအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်တို့သည် ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း, ဥပါဒါရုပ်တို့အားရင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**စက္ခာယတနံ စက္ခုဝိညာဏဿ နိဿယပစ္စယေန ပစ္စယော။ သောတာယတနံ ။ ပ ။ ဃာနာယတနံ။ ပ ။ ဇိဝှါယတနံ။ ပ ။ ကာယာယတနံ ကာယဝိညာဏဿ နိဿယပစ္စယေန ပစ္စယော။ ဝတ္ထု ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။** စက္ခာယတန မျက်စိအကြည်သည် စက္ခုဝိညာဏ်အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သောတာယတန နားအကြည်သည်။ ပ ။ ဃာနာယတန နှာအကြည်သည်။ ပ ။ ဇိဝှာယတန လျှာအကြည်သည်။ ပ ။ ကာယာယတန ကိုယ်အကြည်သည် ကာယဝိညာဏ်အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မှီရာဝတ္ထုရုပ်သည် ဝိပါက်အဗျာကတခန္ဓာ ကိရိယာအဗျာကတခန္ဓာတို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ဝတ္ထု ကုသလာနံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။** အဗျာကတတရားသည် ကုသိုလ်တရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မှီရာဝတ္ထုရုပ်သည် ကုသိုလ်ခန္ဓာတို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ဝတ္ထု အကုသလာနံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။** အဗျာကတတရားသည် အကုသိုလ်တရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မှီရာဝတ္ထုရုပ်သည် အကုသိုလ်ခန္ဓာ

တို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**၄၂၂။ ကုသလော စ အဗျာကတော စ ဓမ္မာ ကုသလဿ ဓမ္မဿ နိဿယ-ပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ နိဿယ-ပစ္စယေန ပစ္စယော။ တယော ခန္ဓာ စ ဝတ္ထု စ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည်၎င်း, အဗျာကတတရားသည်၎င်း ကုသိုလ်တရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ကုသိုလ်ခန္ဓာတစ်ပါးသည်၎င်း, မှီရာဝတ္ထုရုပ်သည်၎င်း ခန္ဓာသုံးပါးအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာသုံးပါးသည်၎င်း, မှီရာဝတ္ထုရုပ်သည်၎င်း ခန္ဓာတစ်ပါးအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာနှစ်ပါးသည်၎င်း, မှီရာဝတ္ထုရုပ်သည်၎င်း ခန္ဓာနှစ်ပါးအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယ-ပစ္စယေန ပစ္စယော။** ကုသိုလ်တရားသည်၎င်း, အဗျာကတတရားသည်၎င်း အဗျာကတတရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ကုသိုလ်ခန္ဓာတို့သည်၎င်း, မဟာဘုတ်တို့သည်၎င်း စိတ္တဇရုပ်တို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော စ အဗျာကတော စ ဓမ္မာ အကုသလဿ ဓမ္မဿ နိဿယ-ပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ စ ဝတ္ထု စ ဧကဿ ခန္ဓဿ နိဿယ-ပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။** (ကုသိုလ်ပိုင်း နည်းတူ) (အကုသိုလ်-ဟု ပြောင်းရန်သာ ထူး၏။)

**အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ နိဿယ-ပစ္စယေန ပစ္စယော။ အကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။** (ကုသိုလ်ပိုင်းနည်းတူ) (အကုသိုလ်-ဟုပြောင်းရန်သာ ထူး၏။)

## ဥပနိဿယ

**၄၂၃။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။** ကုသိုလ်တရားသည် ကုသိုလ်တရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဥပနိဿယပစ္စည်းသည် အာရမ္မဏူပနိဿယပစ္စည်း၊ အနန္တရူပနိဿယပစ္စည်း၊ ပကတူပနိဿယပစ္စည်း ဟူ၍ ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင် -

**အာရမ္မဏူပနိဿယော** - အာရမ္မဏူပနိဿယပစ္စည်း (အာရုံအနေအားဖြင့် အားကြီးသောမှီရာ)ကို ဤသို့ မှတ်အပ်၏။

**ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ တံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။ ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ ပစ္စဝေက္ခတိ။ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊ သေက္ခာ ဂေါတြဘုံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ၊ ဝေါဒါနံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။ သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။** အလှူကို ပေး၍, သီလကို ဆောက်တည်၍, ဥပုသ်အမှုကို ပြု၍ ထို ဒါန သီလ ဥပုသ် စေတနာပြဋ္ဌာန်းသောကာမာဝစရ) ကုသိုလ်ကို အလေးအမြတ်ပြု၍ ဆင်ခြင်၏။ ရှေး၌ ကောင်းစွာလေ့ကျက်ပြုအပ်ကုန်ပြီးသော ဒါန သီလ ဥပုသ် (စေတနာပြဋ္ဌာန်း သောကာမာဝစရ) ကုသိုလ်တို့ကို အလေးအမြတ်ပြု၍ ဆင်ခြင်၏။ (မဟဂ္ဂုတ် ကုသိုလ်)ဈာန်မှ ထ၍ (မဟဂ္ဂုတ်ကုသိုလ်)ဈာန်ကို အလေးအမြတ်ပြု၍ ဆင်ခြင်၏။ ကျင့်ဆဲသေက္ခပုဂ္ဂိုလ် (သောတာပန်)တို့သည် ဂေါတြဘူကို အလေးအမြတ်ပြု၍ ဆင်ခြင်ကြကုန်၏။ ကျင့်ဆဲသေက္ခပုဂ္ဂိုလ် (သကဒါဂါမ်, အနာဂါမ်)တို့သည် ဝေါဒါန်ကို အလေးအမြတ်ပြု၍ ဆင်ခြင်ကြကုန်၏။ သေက္ခပုဂ္ဂိုလ် (သောတာပန်, သကဒါဂါမ်, အနာဂါမ်)တို့သည် မဂ်မှထ၍ မဂ်ကို အလေးအမြတ်ပြု၍ ဆင်ခြင်ကြကုန်၏။

**အနန္တရူပနိဿယော** - အနန္တရူပနိဿယပစ္စည်း (အခြားမဲ့အနေအားဖြင့် အားကြီးသောမှီရာ)ကို ဤသို့ မှတ်အပ်၏။

**ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ**

**ဥပနိဿယပစ္စယေန ပစ္စယော။ အနုလောမံ ဂေါတြဘုဿ၊ အနုလောမံ ဝေါဒါနဿ။ ဂေါတြဘု မဂ္ဂဿ၊ ဝေါဒါနံ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။** ရှေးရှေး၌ ဖြစ်ကုန်သော ကုသိုလ်ခန္ဓာတို့သည် နောက်နောက်၌ ဖြစ်ကုန်သော ကုသိုလ်ခန္ဓာတို့အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အနုလောမဉာဏ်သည် ဂေါတြဘူအား၊ အနုလောမဉာဏ်သည် ဝေါဒါန်အား၊ ဂေါတြဘူသည် သောတာပတ္တိမဂ်အား၊ ဝေါဒါန်သည် အထက်မဂ် ၃-ခုအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပကတူပနိဿယော** - ပကတူပနိဿယပစ္စည်း (ပင်ကိုယ်ပကတိသဘောအားဖြင့် အားကြီးသောမှီရာ)ကို ဤသို့ မှတ်အပ်၏။

**သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။** သဒ္ဓါ (ကံ,ကံ၏အကျိုး၊ ဤပစ္စုပ္ပန်လောက, တမလွန်လောက စသည်တို့ကို ယုံကြည်ခြင်း)ကို အမှီပြု၍ အလှူကို ပေး၏၊ သီလကို ဆောက်တည်၏၊ ဥပုသ်အမှုကို ပြု၏၊ ဈာန်ကို ဖြစ်စေ၏၊ ဝိပဿနာကို ဖြစ်စေ၏၊ မဂ်ကို ဖြစ်စေ၏၊ အဘိညာဉ်ကို ဖြစ်စေ၏၊ သမာပတ်ကို ဖြစ်စေ၏။

**သီလံ ။ ပ ။ သုတံ ။ ပ ။ စာဂံ ။ ပ ။ ပညံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။** သီလကို ။ ပ ။ သုတ (အကြားအမြင်)ကို ။ ပ ။ စာဂ (စွန့်ကြဲခြင်း)ကို ။ ပ ။ ပညာကို အမှီပြု၍ အလှူကို ပေး၏၊ သီလကို ဆောက်တည်၏၊ ဥပုသ်အမှုကို ပြု၏၊ ဈာန်ကို ဖြစ်စေ၏၊ ဝိပဿနာကို ဖြစ်စေ၏၊ မဂ်ကို ဖြစ်စေ၏၊ အဘိညာဉ်ကို ဖြစ်စေ၏၊ သမာပတ်ကို ဖြစ်စေ၏။

**သဒ္ဓါ။ သီလံ။ သုတံ။ စာဂေါ။ ပညာ သဒ္ဓါယ။ သီလဿ။ သုတဿ။ စာဂဿ။ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော။** သဒ္ဓါသည်။ သီလသည်။ သုတသည်။ စာဂသည်။ ပညာသည် သဒ္ဓါအား။ သီလအား။ သုတအား။ စာဂအား။ ပညာအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပဌမဿ ဈာနဿ ပရိကမ္မံ ပဌမဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။** ပဌမဈာန်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ ဖြစ်သော ပရိကံသည် ပဌမဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဒုတိယဿ ဈာနဿ ပရိကမ္မံ ဒုတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။** ဒုတိယဈာန်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ ဖြစ်သော ပရိကံသည် ဒုတိယဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**တတိယဿ ဈာနဿ ပရိကမ္မံ တတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။** တတိယဈာန်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ ဖြစ်သော ပရိကံသည် တတိယဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**စတုတ္ထဿ ဈာနဿ ပရိကမ္မံ စတုတ္ထဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။** စတုတ္ထဈာန်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ ဖြစ်သော ပရိကံသည် စတုတ္ထဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အာကာသာနဉ္စာယတနဿ ပရိကမ္မံ အာကာသာနဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။** အာကာသာနဉ္စာယတနဈာန်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ ဖြစ်သောပရိကံသည် အာကာသာနဉ္စာယတနဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဝိညာဏဉ္စာယတနဿ ပရိကမ္မံ ဝိညာဏဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။** ဝိညာဏဉ္စာယတနဈာန်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ ဖြစ်သော ပရိကံသည် ဝိညာဏဉ္စာယတနဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အာကိဉ္စညာယတနဿ ပရိကမ္မံ အာကိဉ္စညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။** အာကိဉ္စညာယတနဈာန်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ ဖြစ်သော ပရိကံသည် အာကိဉ္စညာယတနဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**နေဝသညာနာသညာယတနဿ ပရိကမ္မံ နေဝသညာနာသညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။** နေဝသညာနာသညာယတနဈာန်၏ ပုဗ္ဗဘာဂဟူသော

ရှေ့အဖို့၌ ဖြစ်သော ပရိကံသည် နေဝသညာနာသညာယတနဈာန်အား ဥပနိဿယ-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပဌမံ ဈာနံ ဒုတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။** ပဌမဈာန်သည် ဒုတိယဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဒုတိယံ ဈာနံ တတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။** ဒုတိယဈာန်သည် တတိယဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**တတိယံ ဈာနံ စတုတ္ထဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။** တတိယဈာန်သည် စတုတ္ထဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**စတုတ္ထံ ဈာနံ အာကာသာနဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။** စတုတ္ထဈာန်သည် အာကာသာနဉ္စာယတနဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အာကာသာနဉ္စာယတနံ ဝိညာဏဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။** အာကာသာနဉ္စာယတနဈာန်သည် ဝိညာဏဉ္စာယတနဈာန်အား ဥပနိဿယပစ္စယ-သတ္တိဖြင့် ကျေးဇူးပြု၏။

**ဝိညာဏဉ္စာယတနံ အာကိဉ္စညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။** ဝိညာဏဉ္စာယတနဈာန်သည် အာကိဉ္စညာယတနဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အာကိဉ္စညာယတနံ နေဝသညာနာသညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။** အာကိဉ္စညာယတနဈာန်သည် နေဝသညာနာသညာယတနဈာန်အား ဥပ-နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဒိဗ္ဗဿ စက္ခုဿ ပရိကမ္မံ ဒိဗ္ဗဿ စက္ခုဿ ဥပနိဿယပစ္စယေန ပစ္စယော။** ဒိဗ္ဗ-စက္ခုအဘိညာဉ်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ ဖြစ်သော ပရိကံသည် ဒိဗ္ဗစက္ခု အဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဒိဗ္ဗာယ သောတဓာတုယာ ပရိကမ္မံ ဒိဗ္ဗာယ သောတဓာတုယာ ဥပနိဿယ-ပစ္စယေန ပစ္စယော။** ဒိဗ္ဗသောတအဘိညာဉ်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ဖြစ်သော

ပရိကံသည် ဒိဗ္ဗသောတအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဣဒ္ဓိဝိဓဉာဏဿ ပရိကမ္မံ ဣဒ္ဓိဝိဓဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။** ဣဒ္ဓိဝိဓအဘိညာဉ်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ ဖြစ်သော ပရိကံသည် ဣဒ္ဓိဝိဓ-အဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**စေတောပရိယဉာဏဿ ပရိကမ္မံ စေတောပရိယဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။** စေတောပရိယအဘိညာဉ်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ ဖြစ်သော ပရိကံသည် စေတောပရိယအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ပရိကမ္မံ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ဥပ-နိဿယပစ္စယေန ပစ္စယော။** ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ ဖြစ်သော ပရိကံသည် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်အား ဥပနိဿယ-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ယထာကမ္မူပဂဉာဏဿ ပရိကမ္မံ ယထာကမ္မူပဂဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။** ယထာကမ္မူပဂအဘိညာဉ်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ ဖြစ်သော ပရိကံသည် ယထာကမ္မူပဂအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အနာဂတံသဉာဏဿ ပရိကမ္မံ အနာဂတံသဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။** အနာဂတံသအဘိညာဉ်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ ဖြစ်သော ပရိကံသည် အနာဂတံသအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဒိဗ္ဗစက္ခု ဒိဗ္ဗာယ သောတဓာတုယာ ဥပနိဿယပစ္စယေန ပစ္စယော။** ဒိဗ္ဗစက္ခု အဘိညာဉ်သည် ဒိဗ္ဗသောတအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဒိဗ္ဗသောတဓာတု ဣဒ္ဓိဝိဓဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။** ဒိဗ္ဗသောတ အဘိညာဉ်သည် ဣဒ္ဓိဝိဓအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဣဒ္ဓိဝိဓဉာဏံ စေတောပရိယဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။** ဣဒ္ဓိဝိဓ-အဘိညာဉ်သည် စေတောပရိယအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**စေတောပရိယဉာဏံ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။** စေတောပရိယအဘိညာဉ်သည် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပုဗ္ဗေနိဝါသာနုဿတိဉာဏံ ယထာကမ္မူပဂဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။** ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်သည် ယထာကမ္မူပဂအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ယထာကမ္မူပဂဉာဏံ အနာဂတံသဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။** ယထာကမ္မူပဂအဘိညာဉ်သည် အနာဂတံသအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပဌမဿ မဂ္ဂဿ ပရိကမ္မံ ပဌမဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။** ပဌမမဂ်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ ဖြစ်သော ပရိကံသည် ပဌမမဂ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဒုတိယဿ မဂ္ဂဿ ပရိကမ္မံ ဒုတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။** ဒုတိယမဂ်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ ဖြစ်သော ပရိကံသည် ဒုတိယမဂ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူး ပြု၏။

**တတိယဿ မဂ္ဂဿ ပရိကမ္မံ တတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။** တတိယမဂ်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ ဖြစ်သော ပရိကံသည် တတိယမဂ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**စတုတ္ထဿ မဂ္ဂဿ ပရိကမ္မံ စတုတ္ထဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။** စတုတ္ထမဂ်၏ ပုဗ္ဗဘာဂဟူသော ရှေ့အဖို့၌ ဖြစ်သော ပရိကံသည် စတုတ္ထမဂ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပဌမော မဂ္ဂေါ ဒုတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒုတိယော မဂ္ဂေါ တတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ တတိယော မဂ္ဂေါ စတုတ္ထဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။** ပဌမမဂ်သည် ဒုတိယမဂ်အား

ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဒုတိယမဂ်သည် တတိယမဂ်အား ဥပ-နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ တတိယမဂ်သည် စတုတ္ထမဂ်အား ဥပနိဿယ-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**သေက္ခာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေန္တိ၊ ဥပ္ပန္နံ သမာပဇ္ဇန္တိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။** သေက္ခပုဂ္ဂိုလ်တို့သည် မိမိရသောမဂ်ကို အမှီပြု၍ မဖြစ်သေးသော(ခဏတ္တယသို့ မရောက်သေးသော) သမာပတ်ကို ဖြစ်စေကုန်၏၊ (ခဏတ္တယသို့ ရောက်စေကုန်၏၊) ဖြစ်ပြီးသောသမာပတ်ကို ဝင်စားကုန်၏၊ သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှုကုန်၏။

**မဂ္ဂေါ သေက္ခာနံ အတ္ထပ္ပဋိသမ္ဘိဒါယ, ဓမ္မပ္ပဋိသမ္ဘိဒါယ, နိရုတ္တိပ္ပဋိသမ္ဘိဒါယ, ပဋိဘာနပ္ပဋိသမ္ဘိဒါယ, ဌာနာဌာနကောသလ္လဿ ဥပနိဿယပစ္စယေန ပစ္စယော။** အောက်မဂ် ၃-ခုသည် သေက္ခပုဂ္ဂိုလ်တို့အား အတ္ထပ္ပဋိသမ္ဘိဒါဉာဏ်အား, ဓမ္မပ္ပဋိ-သမ္ဘိဒါဉာဏ်အား, နိရုတ္တိပ္ပဋိသမ္ဘိဒါဉာဏ်အား, ပဋိဘာနပ္ပဋိသမ္ဘိဒါဉာဏ်အား, ဌာနာ-ဌာနကောသလ္လဿဉာဏ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(အတ္ထပ္ပဋိသမ္ဘိဒါယ = ပါဠိတော်၏အနက်ကို သိသောဉာဏ်ဖြစ်ခြင်းအကျိုးငှာရင်း, ဓမ္မပ္ပဋိ-သမ္ဘိဒါယ = မာဂဓဘာသာ ပါဠိဟူသော သဒ္ဒါကို သိသောဉာဏ်ဖြစ်ခြင်းအကျိုးငှာရင်း, နိရုတ္တိ-ပ္ပဋိသမ္ဘိဒါယ = အရပ်သူတို့၏ ဘာသာစကားဟူသော သဒ္ဒါကို သိသောဉာဏ်ဖြစ်ခြင်းအကျိုးငှာရင်း, ပဋိဘာနပ္ပဋိသမ္ဘိဒါယ = အနက် သဒ္ဒါ ဘာသာ သုံးပါးကို သိသောဉာဏ်ဖြစ်ခြင်းအကျိုးငှာရင်း, ဌာနာဌာနကောသလ္လဿ = အရာဟုတ်သည် မဟုတ်သည်၌ လိမ္မာသောဉာဏ်ဖြစ်ခြင်းအကျိုးငှာရင်း ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။)

**ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော၊ ပကတူပနိဿယော။** ကုသိုလ်တရားသည် အကုသိုလ်တရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဥပနိဿယပစ္စည်းသည် အာရမ္မဏူပ-နိဿယပစ္စည်း၊ ပကတူပနိဿယပစ္စည်း ဟူ၍ ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် -

**အာရမ္မဏူပနိဿယော** - အာရမ္မဏူပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ တံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။** ဒါနကို ပေး၍, သီလကို ဆောက်တည်၍, ဥပုသ်အမှုကို ပြု၍ ထိုဒါန သီလ ဥပုသ် (စေတနာပြဋ္ဌာန်းသောကာမာဝစရ)ကုသိုလ်ကို အလေးအမြတ်ပြု၍ သာယာ၏, နှစ်သက်၏၊ ထို ဒါန သီလ ဥပုသ် (စေတနာပြဋ္ဌာန်းသောကာမာဝစရ) ကုသိုလ်ကို အလေးအမြတ်ပြု၍ ရာဂဖြစ်၏၊ ဒိဋ္ဌိဖြစ်၏။ ရှေး၌ ကောင်းစွာ လေ့ကျက်ပြုအပ်ကုန်ပြီးသော ဒါန သီလ ဥပုသ် (စေတနာပြဋ္ဌာန်းသောကာမာဝစရ) ကုသိုလ်တို့ကို အလေးအမြတ်ပြု၍ သာယာ၏, နှစ်သက်၏၊ ထို ဒါန သီလ ဥပုသ် (စေတနာပြဋ္ဌာန်းသောကာမာဝစရ)ကုသိုလ်ကို အလေးအမြတ်ပြု၍ ရာဂဖြစ်၏၊ ဒိဋ္ဌိဖြစ်၏။ (မဟဂ္ဂုတ်)ကုသိုလ်ဈာန်မှ ထ၍ (မဟဂ္ဂုတ်ကုသိုလ်)ဈာန်ကို အလေးအမြတ်ပြု၍ သာယာ၏, နှစ်သက်၏။ ထိုဈာန်ကို အလေးအမြတ်ပြု၍ ရာဂဖြစ်၏၊ ဒိဋ္ဌိဖြစ်၏။

**ပကတူပနိဿယော** - ပကတူပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ။** သဒ္ဓါကို အမှီပြု၍ မာနကို ဖြစ်စေ၏၊ မှားသောအယူကို ယူ၏။

**သီလံ ။ ပ ။ သုတံ ။ ပ ။ စာဂံ ။ ပ ။ ပညံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ။** သီလကို။ ပ ။ သုတကို။ ပ ။ စာဂကို။ ပ ။ ပညာကို အမှီပြု၍ မာန်မာနကို ဖြစ်စေ၏၊ မှားသောအယူကို ယူ၏။

**သဒ္ဓါ။ သီလံ။ သုတံ။ စာဂေါ။ ပညာ ရာဂဿ၊ ဒေါသဿ၊ မောဟဿ၊ မာနဿ၊ ဒိဋ္ဌိယာ၊ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော။** သဒ္ဓါသည်။ သီလသည်။ သုတသည်။ စာဂသည်။ ပညာသည် ရာဂအား။ ဒေါသအား။ မောဟအား။ မာနအား။ ဒိဋ္ဌိအား။ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို တောင့်တခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။** ကုသိုလ်တရားသည် အဗျာကတတရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဥပနိဿယပစ္စည်းသည် အာရမ္မဏူပနိဿယပစ္စည်း၊ အနန္တရူပနိဿယပစ္စည်း၊ ပကတူပနိဿယ-ပစ္စည်း ဟူ၍ ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင် -

**အာရမ္မဏူပနိဿယော** - အာရမ္မဏူပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။** ရဟန္တာပုဂ္ဂိုလ်သည် မဂ်မှထ၍ မဂ်ကို အလေးအမြတ်ပြု၍ ဆင်ခြင်၏။

**အနန္တရူပနိဿယော** - အနန္တရူပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**ကုသလံ ဝုဋ္ဌာနဿ။ မဂ္ဂေါ ဖလဿ။ အနုလောမံ သေက္ခာယ ဖလသမာ-ပတ္တိယာ။ နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာ-ပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။** ကုသိုလ်သည် တဒါရုံ, ဘဝင်အား။ (ဆိုင်ရာ) မဂ် ၄-ခုသည် (ဆိုင်ရာ) ဖိုလ် ၄-ခုအား။ အနုလောမဉာဏ်သည် သေက္ခဖြစ်သော (သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်ဟူသော) ဖလသမာပတ်အား။ နိရောဓသမာပတ်မှထသော အနာဂါမ်ပုဂ္ဂိုလ်၏ နေဝသညာနာသညာယတနကုသိုလ်သည် (အနာဂါမိဖိုလ်ဟု ဆိုအပ်သော) ဖလသမာပတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပကတူပနိဿယော** - ပကတူပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**သဒ္ဓံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။** သဒ္ဓါကို အမှီပြု၍ မိမိကိုယ်ကို ပူပန်စေ၏၊ ထက်ဝန်းကျင်မှ ပူပန်စေ၏၊ ရှာမှီးခြင်းလျှင် အရင်းရှိသော ဆင်းရဲကို ခံစား၏။

**သီလံ ॥ ပ ॥ သုတံ ॥ ပ ॥ စာဂံ ॥ ပ ॥ ပညံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။** သီလကို ॥ ပ ॥ သုတကို ॥ ပ ॥ စာဂကို ॥ ပ ॥ ပညာကို အမှီပြု၍ မိမိကိုယ်ကို ပူပန်စေ၏၊ ထက်ဝန်းကျင်မှ

ပူပန်စေ၏၊ ရှာမှီးခြင်းလျှင် အရင်းရှိသော ဆင်းရဲကို ခံစား၏။

**သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော၊** သဒ္ဓါသည်၊ သီလသည်၊ သုတသည်၊ စာဂသည်၊ ပညာသည် ကိုယ်၌မှီသော ချမ်းသာခြင်း(သုခဝေဒနာ)အား၊ ကိုယ်၌မှီသော ဆင်းရဲခြင်း(ဒုက္ခဝေဒနာ)အား၊ ဖလသမာပတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော၊** ကုသိုလ်ကံသည် ကုသလဝိပါက်(ကုသိုလ်အကျိုး)အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အရဟာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ ကိရိယသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊** ရဟန္တာပုဂ္ဂိုလ်သည် မိမိရသောမဂ်ကို အမှီပြု၍ မဖြစ်သေးသော(ခဏတ္တယသို့မရောက်သေးသော) ကိရိယာသမာပတ်ကို ဖြစ်စေ၏၊ (ခဏတ္တယသို့ ရောက်စေ၏၊) ဖြစ်ပြီးသောကိရိယာသမာပတ်ကို ဝင်စား၏၊ သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှု၏။

**မဂ္ဂေါ အရဟတော အတ္ထပ္ပဋိသမ္ဘိဒါယ, ဓမ္မပ္ပဋိသမ္ဘိဒါယ, နိရုတ္တိပ္ပဋိသမ္ဘိဒါယ, ပဋိဘာနပ္ပဋိသမ္ဘိဒါယ, ဌာနာဌာနကောသလ္လဿ ဥပနိဿယပစ္စယေန ပစ္စယော။** (အရဟတ္တ)မဂ်သည် ရဟန္တာပုဂ္ဂိုလ်အား၊ အတ္ထပ္ပဋိသမ္ဘိဒါဉာဏ်အား၊ ဓမ္မပ္ပဋိသမ္ဘိဒါဉာဏ်အား၊ နိရုတ္တိပ္ပဋိသမ္ဘိဒါဉာဏ်အား၊ ပဋိဘာနပ္ပဋိသမ္ဘိဒါဉာဏ်အား၊ ဌာနာဌာနကောသလ္လဉာဏ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**မဂ္ဂေါ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။** (အရဟတ္တ)မဂ်သည် (အရဟတ္တဖိုလ်)ဖလသမာပတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။** အကုသိုလ်တရားသည် အကုသိုလ်တရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဥပနိဿယပစ္စည်းသည် အာရမ္မဏူပနိဿယပစ္စည်း၊ အနန္တရူပနိဿယပစ္စည်း၊ ပကတူပနိဿယ-

ပစ္စည်း ဟူ၍ ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင် -

**အာရမ္မဏူပနိဿယော** - အာရမ္မဏူပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**ရာဂံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။** ရာဂကို အလေးအမြတ်ပြု၍ သာယာ၏, နှစ်သက်၏။ ထိုရာဂကို အလေးအမြတ်ပြု၍ စွဲလမ်းကပ်ငြိခြင်းသည် ဖြစ်၏။ အယူမှားခြင်းသည် ဖြစ်၏။

**ဒိဋ္ဌိံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။** ဒိဋ္ဌိကို အလေးအမြတ်ပြု၍ သာယာ၏, နှစ်သက်၏။ ထိုဒိဋ္ဌိကို အလေးအမြတ်ပြု၍ စွဲလမ်းကပ်ငြိခြင်းသည် ဖြစ်၏။ အယူမှားခြင်းသည် ဖြစ်၏။

**အနန္တရူပနိဿယော** - အနန္တရူပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။** ရှေးရှေး၌ဖြစ်ကုန်သော အကုသိုလ်ခန္ဓာတို့သည် နောက်နောက်ဖြစ်ကုန်သော အကုသိုလ်ခန္ဓာတို့အား အနန္တရူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပကတူပနိဿယော** - ပကတူပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ၊** ရာဂကို အမှီပြု၍ သူ၏အသက်ကို သတ်၏၊ **အဒိန္နံ အာဒိယတိ၊** ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသော သူ၏ဥစ္စာကို ယူ၏၊ **မုသာ ဘဏတိ၊** ချွတ်လွဲသောစကားကို ဆို၏၊ **ပိသုဏံ ဘဏတိ၊** ကုန်းတိုက်သောစကားကို ဆို၏၊ **ဖရုသံ ဘဏတိ၊** ကြမ်းတမ်းသောစကားကို ဆို၏၊ **သမ္ဖံ ပလပတိ၊** အကျိုးမရှိ ပြိန်ဖျင်းသောစကားကို ပြောဟော၏၊ **သန္ဓိံ ဆိန္ဒတိ၊** အိမ်ခြံစပ်ကို ဖြတ်၏၊ **နိလ္လောပံ ဟရတိ၊** ပုန်းအောင်း၍ ဆောင်ယူ၏၊ **ဧကာဂါရိကံ ကရောတိ၊** တစ်အိမ်တည်း ခြံရံသည်ကို ပြု၏၊ **ပရိပန္ထေ တိဋ္ဌတိ၊** ခရီးလမ်း၌ ရပ်၏ (လမ်းဓားပြတိုက်၏)၊ **ပရဒါရံ ဂစ္ဆတိ၊** သူ့မယားသို့ သွား၏၊ **ဂါမဃာတံ ကရောတိ၊** ရွာဖျက်ခြင်းကို ပြု၏၊ **နိဂမဃာတံ ကရောတိ၊** နိဂုံးဖျက်ခြင်းကို ပြု၏၊ **မာတရံ ဇီဝိတာ ဝေါရောပေတိ၊** (အမိကို အသက်မှ ချ၏၊) အမိကို သတ်၏၊ **ပိတရံ ဇီဝိတာ ဝေါရောပေတိ၊** အဖကို သတ်၏၊

**အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊** ရဟန္တာကို သတ်၏၊ **ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊** ပြစ်မှားလိုသောစိတ်ဖြင့် မြတ်စွာဘုရားအား သွေးခြေဥကို ဖြစ်စေ၏၊ (ဘုရားရှင်ကို သွေးခြေတည်အောင် ပြု၏)၊ **သံဃံ ဘိန္ဒတိ။** သံဃာကို သင်းခွဲ၏။

**ဒေါသံ ဥပနိဿာယ ။ ပ ။ မောဟံ ဥပနိဿာယ ။ ပ ။ မာနံ ဥပနိဿာယ ။ ပ ။ ဒိဋ္ဌိံ ဥပနိဿာယ ။ ပ ။ ပတ္ထနံ ဥပနိဿာယ ပါဏံ ဟနတိ ။ ပ ။ သံဃံ ဘိန္ဒတိ။** ဒေါသကို အမှီပြု၍ ။ ပ ။ မောဟကို အမှီပြု၍ ။ ပ ။ မာနကို အမှီပြု၍။ ပ ။ ဒိဋ္ဌိကို အမှီပြု၍ ။ ပ ။ တောင့်တခြင်းကို အမှီပြု၍ သူ၏အသက်ကို သတ်၏ ။ ပ ။ သံဃာကို သင်းခွဲ၏။

**ရာဂေါ၊ ဒေါသော၊ မောဟော၊ မာနော၊ ဒိဋ္ဌိ၊ ပတ္ထနာ ရာဂဿ၊ ဒေါသဿ၊ မောဟဿ၊ မာနဿ၊ ဒိဋ္ဌိယာ၊ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော၊** ရာဂသည်၊ ဒေါသသည်၊ မောဟသည်၊ မာနသည်၊ ဒိဋ္ဌိသည်၊ တောင့်တခြင်းသည် ရာဂအား၊ ဒေါသအား၊ မောဟအား၊ မာနအား၊ ဒိဋ္ဌိအား၊ တောင့်တခြင်းအား ဥပနိဿယ -ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပါဏာတိပါတော ပါဏာတိပါတဿ ဥပနိဿယပစ္စယေန ပစ္စယော၊** သူ့အသက်ကို သတ်ခြင်းသည် သူ့အသက်ကို သတ်ခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပါဏာတိပါတော အဒိန္နာဒါနဿ ။ ပ ။ ကာမေသုမိစ္ဆာစာရဿ ။ ပ ။ မုသာဝါဒ- ဿ ။ ပ ။ ပိသုဏာယ ဝါစာယ ။ ပ ။ ဖရုသာယ ဝါစာယ ။ ပ ။ သမ္ဖပ္ပလာပဿ ။ ပ ။ အဘိဇ္ဈာယ ။ ပ ။ ဗျာပါဒဿ ။ ပ ။ မိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော၊** သူ့အသက်ကို သတ်ခြင်းသည် ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသောသူ၏ဥစ္စာကို ယူခြင်းအား ။ ပ ။ ကာမဂုဏ်တို့၌ မှားသောအကျင့်ကို ကျင့်ခြင်းအား ။ ပ ။ ချွတ်လွဲသော စကားကို ပြောဆိုခြင်းအား ။ ပ ။ ကုန်းတိုက်သောစကားကို ပြောဆိုခြင်းအား ။ ပ ။ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းအား ။ ပ ။ အကျိုးမရှိ ပြိန်ဖျင်းသောစကားကို

ပြောဟောခြင်းအား ။ ပ ။ သူတစ်ပါး၏ဥစ္စာကို မိမိဥစ္စာဖြစ်စေလို၍ စိတ်၌ မတရားကြံစည်ခြင်းအား ။ ပ ။ သူတစ်ပါး၏အကျိုးစီးပွားကို ပျက်စီးစေလို၍ စိတ်၌ မတရားကြံစည်ခြင်းအား ။ ပ ။ ဖောက်ပြန်သောအားဖြင့် အယူမှားခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အဒိန္နာဒါနံ အဒိန္နာဒါနဿ။ ကာမေသုမိစ္ဆာစာရဿ။ မုသာဝါဒဿ။ (သံခိတ္တံ။)** ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသောသူ၏ဥစ္စာကို ယူခြင်းသည် ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသောသူ၏ဥစ္စာကို ယူခြင်းအား။ ကာမဂုဏ်တို့၌ မှားသောအကျင့်ကို ကျင့်ခြင်းအား။ ချွတ်လွဲသောစကားကို ပြောဆိုခြင်းအား။ (အကျဉ်းချုံးအပ်၏။) **မိစ္ဆာဒိဋ္ဌိယာ။ ပါဏာတိပါတဿ ဥပနိဿယပစ္စယေန ပစ္စယော။ (စက္ကံ ဗန္ဓိတဗ္ဗံ။)** ဖောက်ပြန်သောအားဖြင့် အယူမှားခြင်းအား။ သူ့အသက်ကို သတ်ခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (စက်ကို ဖွဲ့အပ်၏။)

**ကာမေသုမိစ္ဆာစာရော ။ ပ ။ မုသာဝါဒေါ ။ ပ ။ ပိသုဏာဝါစာ ။ ပ ။ ဖရုသဝါစာ ။ ပ ။ သမ္ဖပ္ပလာပေါ ။ ပ ။ အဘိဇ္ဈာ ။ ပ ။ ဗျာပါဒေါ ။ ပ ။ မိစ္ဆာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။** ကာမဂုဏ်တို့၌ မှားသောအကျင့်ကို ကျင့်ခြင်းသည် ။ ပ ။ ချွတ်လွဲသောစကားကို ပြောဆိုခြင်းသည် ။ ပ ။ ကုန်းတိုက်သောစကားကို ပြောဆိုခြင်းသည် ။ ပ ။ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းသည် ။ ပ ။ အကျိုးမရှိ ပြိန်ဖျင်းသော စကားကို ပြောဟောခြင်းသည် ။ ပ ။ သူတစ်ပါး၏ဥစ္စာကို မိမိဥစ္စာဖြစ်စေလို၍ စိတ်၌ မတရားကြံစည်ခြင်းသည် ။ ပ ။ သူတစ်ပါး၏အကျိုးစီးပွားကို ပျက်စီးစေလို၍ စိတ်၌ မတရားကြံစည်ခြင်းသည် ။ ပ ။ ဖောက်ပြန်သောအားဖြင့် အယူမှားခြင်းသည် ဖောက်ပြန်သောအားဖြင့် အယူမှားခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**မိစ္ဆာဒိဋ္ဌိ ပါဏာတိပါတဿ။ အဒိန္နာဒါနဿ။ ကာမေသုမိစ္ဆာစာရဿ။ မုသာဝါဒဿ။ ပိသုဏာယ ဝါစာယ။ ဖရုသာယ ဝါစာယ။ သမ္ဖပ္ပလာပဿ။ အဘိဇ္ဈာယ။ ဗျာပါဒဿ ဥပနိဿယပစ္စယေန ပစ္စယော။** မိစ္ဆာဒိဋ္ဌိသည် ပါဏာတိပါတအား။ အဒိန္နာဒါနအား။ ကာမေသုမိစ္ဆာစာရအား။ မုသာဝါဒအား။ ပိသုဏဝါစာအား။ ဖရုသဝါစာအား။ သမ္ဖပ္ပလာပအား။ အဘိဇ္ဈာအား။ ဗျာပါဒအား ဥပနိဿယပစ္စယသတ္တိဖြင့်

ကျေးဇူးပြု၏။

**မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။** အမိကို သတ်သောကံသည် အမိကိုသတ်သောကံအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**မာတုဃာတိကမ္မံ ပိတုဃာတိကမ္မဿ ဥပနိဿယ။ ပ ။ အရဟန္တဃာတိကမ္မဿ။ ရုဟိရုပ္ပါဒကမ္မဿ။ သံဃဘေဒကမ္မဿ။ နိယတမိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။** အမိကို သတ်သောကံသည် အဖကို သတ်သောကံအား ဥပနိဿယ ။ ပ ။ ရဟန္တာကို သတ်သောကံအား။ ဘုရားရှင်အား သွေးခြေဥကို ဖြစ်စေသောကံအား။ သံဃာကို သင်းခွဲသောကံအား။ နိယတမိစ္ဆာဒိဋ္ဌိအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပိတုဃာတိကမ္မံ ပိတုဃာတိကမ္မဿ။ အရဟန္တဃာတိကမ္မဿ။ ရုဟိရုပ္ပါဒ-ကမ္မဿ။ သံဃဘေဒကမ္မဿ။ နိယတမိစ္ဆာဒိဋ္ဌိယာ မာတုဃာတိကမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။** အဖကို သတ်သောကံသည် အဖကို သတ်သောကံအား ။ ပ ။ ရဟန္တာကို သတ်သောကံအား။ ဘုရားရှင်အား သွေးခြေဥကို ဖြစ်စေသောကံအား။ သံဃာကို သင်းခွဲသောကံအား။ နိယတမိစ္ဆာဒိဋ္ဌိအား။ အမိကို သတ်သောကံအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အရဟန္တဃာတိကမ္မံ အရဟန္တဃာတိကမ္မဿ။ ရုဟိရုပ္ပါဒကမ္မဿ။ ပ ။ ရုဟိရုပ္ပါဒ -ကမ္မံ ရုဟိရုပ္ပါဒကမ္မဿ ။ ပ ။ သံဃဘေဒကမ္မံ သံဃဘေဒကမ္မဿ ။ ပ ။ နိယတ မိစ္ဆာဒိဋ္ဌိ နိယတမိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။** ရဟန္တာကို သတ်သော ကံသည် ရဟန္တာကို သတ်သောကံအား။ ဘုရားရှင်အား သွေးခြေဥကို ဖြစ်စေသော ကံအား ။ ပ ။ ဘုရားရှင်ပုဂ္ဂိုလ် သွေးခြေဥကို ဖြစ်စေသောကံသည် ဘုရားရှင်အား သွေးခြေဥကို ဖြစ်စေသောကံအား။ သံဃာကို သင်းခွဲသောကံသည် သံဃာကို သင်းခွဲသောကံအား။ နိယတမိစ္ဆာဒိဋ္ဌိသည် နိယတမိစ္ဆာဒိဋ္ဌိအား ဥပနိဿယပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

**နိယတမိစ္ဆာဒိဋ္ဌိ မာတုဃာတိကမ္မဿ ဥပနိဿယ ။ ပ ။ အရဟန္တဃာတိကမ္မဿ။ ရုဟိရုပ္ပါဒကမ္မဿ။ သံဃဘေဒကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ (စက္ကံ**

**ကာတဗ္ဗံ။)** နိယတမိစ္ဆာဒိဋ္ဌိသည် အမိကို သတ်သောကံအား ။ ပ ။ ရဟန္တာကို သတ်သောကံအား။ ဘုရားရှင်အား သွေးခြေဉကို ဖြစ်စေသောကံအား။ သံဃာကို သင်းခွဲသော ကံအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (စက်ကို ဖွဲ့အပ်၏။)

**အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။** အကုသိုလ်တရားသည် ကုသိုလ်တရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပကတူပနိဿယော** - ပကတူပနိဿယကို ဤသို့ မှတ်အပ်၏၊

**ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။** ရာဂကို အမှီပြု၍ အလှူကို ပေး၏၊ သီလကို ဆောက်တည်၏၊ ဥပုသ်အမှုကို ပြု၏၊ ဈာန်ကို ဖြစ်စေ၏၊ ဝိပဿနာကို ဖြစ်စေ၏၊ မဂ်ကို ဖြစ်စေ၏၊ အဘိညာဉ်ကို ဖြစ်စေ၏၊ သမာပတ်ကို ဖြစ်စေ၏။

**ဒေါသံ ။ ပ ။ မောဟံ ။ ပ။ မာနံ ။ ပ ။ ဒိဋ္ဌိံ ။ ပ ။ ပတ္ထနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။** ဒေါသကို ။ ပ ။ မောဟကို ။ ပ ။ မာနကို ။ ပ ။ ဒိဋ္ဌိကို ။ ပ ။ တောင့်တခြင်းကို အမှီပြု၍ အလှူကို ပေး၏၊ သီလကို ဆောက်တည်၏၊ ဥပုသ်အမှုကို ပြု၏၊ ဈာန်ကို ဖြစ်စေ၏၊ ဝိပဿနာကို ဖြစ်စေ၏၊ မဂ်ကို ဖြစ်စေ၏၊ အဘိညာဉ်ကို ဖြစ်စေ၏၊ သမာပတ်ကို ဖြစ်စေ၏။

**ရာဂေါ။ ဒေါသော။ မောဟော။ မာနော။ ဒိဋ္ဌိ။ ပတ္ထနာ သဒ္ဓါယ။ သီလဿ။ သုတဿ။ စာဂဿ။ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော။** ရာဂသည်။ ဒေါသသည်။ မောဟသည်။ မာနသည်။ ဒိဋ္ဌိသည်။ တောင့်တခြင်းသည် သဒ္ဓါအား။ သီလအား။ သုတအား။ စာဂအား။ ပညာအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပါဏံ ဟန္တွာ** သူ့အသက်ကို သတ်၍(ဝါ) သတ်မိခြင်းကြောင့်, **တဿ** ထိုစေတနာ၏အကျိုးကို, **ပဋိဃာတတ္ထာယ** ပယ်ဖျောက်ခြင်းငှာ, **ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊**

**အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။** အလှူကို ပေး၏၊ သီလကို ဆောက်တည်၏၊ ဥပုသ်အမှုကို ပြု၏၊ ဈာန်ကို ဖြစ်စေ၏၊ ဝိပဿနာကို ဖြစ်စေ၏၊ မဂ်ကို ဖြစ်စေ၏၊ အဘိညာဉ်ကို ဖြစ်စေ၏၊ သမာပတ်ကို ဖြစ်စေ၏။

**အဒိန္နံ အာဒိယိတွာ ။ ပ ။ မုသာ ဘဏိတွာ ။ ပ ။ ပိသုဏံ ဘဏိတွာ ။ ပ ။ ဖရုသံ ဘဏိတွာ ။ ပ ။ သမ္ဖံ ပလပိတွာ ။ ပ ။ သန္ဓိံ ဆိန္ဒိတွာ ။ ပ ။ နိလ္လောပံ ဟရိတွာ ။ ပ ။ ဧကာဂါရိကံ ကရိတွာ ။ ပ ။ ပရိပန္ထေ ဌတွာ ။ ပ ။ ပရဒါရံ ဂန္တွာ ။ ပ ။ ဂါမဃာတံ ကရိတွာ ။ ပ ။ နိဂမဃာတံ ကရိတွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။** ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသော သူ၏ဥစ္စာကို ယူ၍၊ ချွတ်လွဲသောစကားကို ဆို၍၊ ကုန်းတိုက်သောစကားကို ဆို၍၊ ကြမ်းတမ်းသောစကားကို ဆို၍၊ အကျိုးမရှိ ပြိန်ဖျင်းသောစကားကို ပြောဟော၍၊ အိမ်ခြံစပ်ကို ဖြတ်၍၊ ပုန်းအောင်း၍ ဆောင်ယူ၍၊ တစ်အိမ်တည်း ခြံရံသည်ကို ပြု၍၊ ခရီးလမ်း၌ ရပ်၍၊ သူ့မယားသို့ သွား၍၊ ရွာဖျက်ခြင်းကို ပြု၍၊ နိဂုံးဖျက်ခြင်းကို ပြု၍၊ ထိုစေတနာ၏အကျိုးကို ပယ်ဖျောက်ခြင်းငှာ အလှူကို ပေး၏၊ သီလကို ဆောက်တည်၏၊ ဥပုသ်အမှုကို ပြု၏၊ ဈာန်ကို ဖြစ်စေ၏၊ ဝိပဿနာကို ဖြစ်စေ၏၊ မဂ်ကို ဖြစ်စေ၏၊ အဘိညာဉ်ကို ဖြစ်စေ၏၊ သမာပတ်ကို ဖြစ်စေ၏။

**မာတရံ ဇီဝိတာ ဝေါရောပေတွာ, တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။** အမိကို သတ်၍, ထိုစေတနာ၏အကျိုးကို ပယ်ဖျောက်ခြင်းငှာ အလှူကို ပေး၏၊ သီလကို ဆောက်တည်၏၊ ဥပုသ်အမှုကို ပြု၏။

**ပိတရံ ဇီဝိတာ ဝေါရောပေတွာ။ ပ ။ အရဟန္တံ ဇီဝိတာ ဝေါရောပေတွာ။ ပ ။ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတွာ။ ပ ။ သံဃံ ဘိန္ဒိတွာ, တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။** အဖကို သတ်၍၊ ရဟန္တာကို သတ်၍၊ ဘုရားရှင်၏သွေးခြေဉကို ဖြစ်စေ၍၊ သံဃာကို သင်းခွဲ၍, ထိုစေတနာ၏အကျိုးကို ပယ်ဖျောက်ခြင်းငှာ အလှူကို ပေး၏၊ သီလကို ဆောက်တည်

၏၊ ဥပုသ်အမှုကို ပြု၏။

**အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အနန္တရူပနိဿယော၊ ပကတူပနိဿယော။** အကုသိုလ်တရားသည် အဗျာကတတရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဥပနိဿယပစ္စည်းသည် အနန္တရူပနိဿယပစ္စည်း၊ ပကတူပနိဿယပစ္စည်း ဟူ၍ ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် -

**အနန္တရူပနိဿယော** - အနန္တရူပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**အကုသလံ ဝုဋ္ဌာနဿ ဥပနိဿယပစ္စယေန ပစ္စယော။** အကုသိုလ်သည် တဒါရုံ, ဘဝင်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပကတူပနိဿယော** - ပကတူပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**ရာဂံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။** ရာဂကို အမှီပြု၍ မိမိကိုယ်ကို ပူပန်စေ၏၊ ထက်ဝန်းကျင်မှ ပူပန်စေ၏၊ ရှာမှီးခြင်းလျှင် အရင်းခံရှိသော ဆင်းရဲခြင်းကို ခံစား၏။

**ဒေါသံ ။ ပ ။ မောဟံ ။ ပ ။ မာနံ ။ ပ ။ ဒိဋ္ဌိံ ။ ပ ။ ပတ္ထနံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။** ဒေါသကို ။ ပ ။ မောဟကို ။ ပ ။ မာနကို ။ ပ ။ ဒိဋ္ဌိကို ။ ပ ။ တောင့်တခြင်းကို အမှီပြု၍ မိမိကိုယ်ကို ပူပန်စေ၏၊ ထက်ဝန်းကျင်မှ ပူပန်စေ၏၊ ရှာမှီးခြင်းလျှင် အရင်းခံရှိသော ဆင်းရဲခြင်းကို ခံစား၏။

**ရာဂေါ။ ဒေါသော၊ မောဟော။ မာနော။ ဒိဋ္ဌိ၊ ပတ္ထနာ ကာယိကဿ သုခဿ။ ကာယိကဿ ဒုက္ခဿ။ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။** ရာဂသည်။ ဒေါသသည်။ မောဟသည်။ မာနသည်။ ဒိဋ္ဌိသည်။ တောင့်တခြင်းသည် ကိုယ်၌မှီသော ဆင်းရဲခြင်းအား။ ကိုယ်၌မှီသော ချမ်းသာခြင်းအား။ ဖလသမာပတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော၊** အကုသိုလ်ကံသည် အကုသိုလ်ဝိပါက်(အကုသိုလ်အကျိုး)အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။** အဗျာကတတရားသည် အဗျာကတတရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဥပနိဿယပစ္စည်းသည် အာရမ္မဏူပနိဿယပစ္စည်း၊ အနန္တရူပနိဿယပစ္စည်း၊ ပကတူပနိဿယပစ္စည်းဟူ၍ ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင် -

**အာရမ္မဏူပနိဿယော** - အာရမ္မဏူပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**အရဟာ ဖလံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဖလဿ ဥပနိဿယပစ္စယေန ပစ္စယော။** ရဟန္တာပုဂ္ဂိုလ်သည် (အရဟတ္တ)ဖိုလ်ကို အလေးအမြတ်ပြု၍ ဆင်ခြင်၏။ (ရဟန္တာပုဂ္ဂိုလ်သည်) နိဗ္ဗာန်ကို အလေးအမြတ်ပြု၍ ဆင်ခြင်၏။ နိဗ္ဗာန်သည် ဖိုလ် ၄-ခုအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အနန္တရူပနိဿယော** - အနန္တရူပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ, ကိရိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။ ဘဝင်္ဂံ အာဝဇ္ဇနာယ။ ကိရိယံ ဝုဋ္ဌာနဿ။ အရဟတော အနုလောမံ ဖလသမာပတ္တိယာ။ နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကိရိယံ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။** ရှေးရှေး၌ ဖြစ်ကုန်သော ဝိပါက်အဗျာကတ ကိရိယာအဗျာကတခန္ဓာတို့သည် နောက်နောက်၌ ဖြစ်ကုန်သော ဝိပါက်အဗျာကတ ကိရိယာအဗျာကတခန္ဓာတို့အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဘဝင်သည် အာဝဇ္ဇန်းဒွေးအား၊ ကြိယာအဆုံးဇော, ဒုတိယဝုဋ္ဌောသည် တဒါရုံ, ဘဝင်အား၊ ရဟန္တာပုဂ္ဂိုလ်၏အနုလုံသည် ဖလသမာပတ်အား၊ နိရောဓသမာပတ်မှထသော ရဟန္တာပုဂ္ဂိုလ်၏ နေဝသညာနာသညာယတနကြိယာသည် (အရဟတ္တဖိုလ်ဟု ဆိုအပ်သော) ဖလသမာပတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပကတူပနိဿယော** - ပကတူပပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**ကာယိကံ သုခံ ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာ-**

**ပစ္စယော။** ကိုယ်၌မှီသော ချမ်းသာခြင်းသည် ကိုယ်၌မှီသောချမ်းသာခြင်းအား, ကိုယ်၌မှီသော ဆင်းရဲခြင်းအား, ဖလသမာပတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကာယိကံ ဒုက္ခံ** = ကိုယ်၌မှီသော ဆင်းရဲခြင်းသည် **ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော်။** ကိုယ်၌မှီသော ဆင်းရဲခြင်းအား, ကိုယ်၌မှီသော ချမ်းသာခြင်းအား, ဖလသမာပတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဥတု** = ဥတုသည် (လျောက်ပတ်သောဥတုနှင့် မလျောက်ပတ်သောဥတုသည်) **ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။** ကိုယ်၌မှီသော ချမ်းသာခြင်းအား, ကိုယ်၌မှီသော ဆင်းရဲခြင်းအား, ဖလသမာပတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဘောဇနံ** = ဘောဇဉ်သည် (လျောက်ပတ်သောဘောဇဉ်နှင့် မလျောက်ပတ်သော ဘောဇဉ်သည်) **ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။** ကိုယ်၌ မှီသော ချမ်းသာခြင်းအား, ကိုယ်၌ မှီသော ဆင်းရဲခြင်းအား, ဖလသမာပတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**သေနာသနံ** = ကျောင်းစသော အိပ်ရာနေရာသည် **ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။** ကိုယ်၌မှီသော ချမ်းသာခြင်းအား, ကိုယ်၌ မှီသော ဆင်းရဲခြင်းအား, ဖလသမာပတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကာယိကံ သုခံ**။ ကိုယ်၌မှီသော ချမ်းသာခြင်းသည်။ **ကာယိကံ ဒုက္ခံ**။ ကိုယ်၌မှီသော ဆင်းရဲခြင်းသည်**။ ဥတု**။ ဥတုသည်။ **ဘောဇနံ**။ ဘောဇဉ်သည်။ **သေနာသနံ** ကျောင်းအိပ်ရာနေရာသည် **ကာယိကဿ သုခဿ** ကိုယ်၌ မှီသော ချမ်းသာခြင်းအား, **ကာယိကဿ ဒုက္ခဿ** ကိုယ်၌မှီသော ဆင်းရဲခြင်းအား, **ဖလသမာပတ္တိယာ** ဖလသမာပတ်အား **ဥပနိဿယပစ္စယေန ပစ္စယော။** ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု

၏။

**ဖလသမာပတ္တိ ကာယိကဿ သုခဿ ဥပနိဿယပစ္စယေန ပစ္စယော။** ဖလ-သမာပတ်သည် ကိုယ်၌ မှီသော ချမ်းသာခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အရဟာ ကာယိကံ သုခံ ဥပနိဿာယ အနုပ္ပန္နံ ကိရိယသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။** ရဟန္တာပုဂ္ဂိုလ်သည် ကိုယ်၌မှီသော ချမ်းသာခြင်းကို အမှီပြု၍ မဖြစ်သေးသော ကိရိယာသမာပတ်ကို ဖြစ်စေ၏၊ ဖြစ်ပြီးသောကိရိယာသမာပတ်ကို ဝင်စား၏၊ သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှု၏။

**ကာယိကံ ဒုက္ခံ။ ဥတုံ။ ဘောဇနံ။ သေနာသနံ ဥပနိဿာယ အနုပ္ပန္နံ ကိရိယသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။** ကိုယ်၌မှီသော ဆင်းရဲခြင်းကို။ ဥတုကို။ ဘောဇဉ်ကို။ ကျောင်း အိပ်ရာ နေရာကို အမှီပြု၍ မဖြစ်သေးသော ကိရိယာသမာပတ်ကို ဖြစ်စေ၏၊ ဖြစ်ပြီးသော ကိရိယာသမာပတ်ကို ဝင်စား၏၊ သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှု၏။

**အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။** အဗျာကတတရားသည် ကုသိုလ်တရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဥပနိဿယပစ္စည်းသည် အာရမ္မဏူပနိဿယပစ္စည်း၊ အနန္တရူပနိဿယပစ္စည်း၊ ပကတူပနိဿယပစ္စည်းဟူ၍ ၃-ပါး အပြား ရှိ၏။ ထို ၃-ပါးတို့တွင် -

**အာရမ္မဏူပနိဿယော** - အာရမ္မဏူပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**သေက္ခာ ဖလံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂေါတြဘုဿ၊ ဝေါဒါနဿ၊ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။** သေက္ခပုဂ္ဂိုလ်တို့သည် မိမိဖိုလ်ကို အလေးအမြတ်ပြု၍ ဆင်ခြင်ကြကုန်၏။ (သေက္ခပုဂ္ဂိုလ်တို့သည်)

နိဗ္ဗာန်ကို အလေးအမြတ်ပြု၍ ဆင်ခြင်ကြကုန်၏။ နိဗ္ဗာန်သည် ဂေါတြဘုအားရင်း, ဝေါဒါန်အားရင်း, မဂ် ၄-ခုတို့အားရင်း ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အနန္တရူပနိဿယော** - အနန္တရူပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။** ဂုဏ္ဍော, မနော-ဒွါရာဝဇ္ဇန်းသည် ကုသိုလ်ခန္ဓာတို့အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပကတူပနိဿယော** - ပကတူပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**ကာယိကံ သုခံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။** ကိုယ်၌ မှီသော ချမ်းသာခြင်းကို အမှီပြု၍ အလှူကို ပေး၏၊ သီလကို ဆောက်တည်၏၊ ဥပုသ်အမှုကို ပြု၏၊ ဈာန်ကို ဖြစ်စေ၏၊ ဝိပဿနာကို ဖြစ်စေ၏၊ မဂ်ကို ဖြစ်စေ၏၊ အဘိညာဉ်ကို ဖြစ်စေ၏၊ သမာပတ်ကို ဖြစ်စေ၏။

**ကာယိကံ ဒုက္ခံ။ ဥတုံ။ ဘောဇနံ။ သေနာသနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။** ကိုယ်၌မှီသော ဆင်းရဲခြင်းကို။ ဥတုကို။ ဘောဇဉ်ကို။ ကျောင်းအိပ်ရာနေရာကို အမှီပြု၍ အလှူကို ပေး၏၊ သီလကို ဆောက်တည်၏၊ ဥပုသ်အမှုကို ပြု၏၊ ဈာန်ကို ဖြစ်စေ၏၊ ဝိပဿနာကို ဖြစ်စေ၏၊ မဂ်ကို ဖြစ်စေ၏၊ အဘိညာဉ်ကို ဖြစ်စေ၏၊ သမာပတ်ကို ဖြစ်စေ၏။

**ကာယိကံ သုခံ၊ ကာယိကံ ဒုက္ခံ၊ ဥတု၊ ဘောဇနံ၊ သေနာသနံ သဒ္ဓါယ။ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော။** ကိုယ်၌ မှီသော ချမ်းသာခြင်းသည်။ ကိုယ်၌မှီသော ဆင်းရဲခြင်းသည်။ ဥတုသည်။ ဘောဇဉ်သည်။ ကျောင်းအိပ်ရာနေရာသည် သဒ္ဓါအား။ သီလအား။ သုတအား။ စာဂအား။ ပညာအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အဇ္ဈာကတော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။** အဗျာကတတရား

သည် အကုသိုလ်တရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဥပနိဿယ ပစ္စည်းသည် အာရမ္မဏူပနိဿယပစ္စည်း၊ အနန္တရူပနိဿယပစ္စည်း၊ ပကတူပနိဿယ ပစ္စည်းဟူ၍ ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင် -

**အာရမ္မဏူပနိဿယော** - အာရမ္မဏူပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**စက္ခုံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။** စက္ခုပသာဒရုပ်ကို အလေးအမြတ်ပြု၍ သာယာ၏, နှစ်သက်၏၊ ထိုစက္ခု-ပသာဒရုပ်ကို အလေးအမြတ်ပြု၍ ရာဂဖြစ်၏၊ ဒိဋ္ဌိဖြစ်၏။

**သောတံ ။ ပ ။ ဃာနံ ။ ပ ။ ဇိဝှံ ။ ပ ။ ကာယံ ။ ပ ။ ရူပေ ။ ပ ။ သဒ္ဒေ ။ ပ ။ ဂန္ဓေ ။ ပ ။ ရသေ ။ ပ ။ ဖောဋ္ဌဗ္ဗေ ။ ပ ။ ဝတ္ထုံ ။ ပ ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။** သောတပသာဒကို ။ ပ ။ ဃာနပသာဒကို ။ ပ ။ ဇိဝှာပသာဒကို ။ ပ ။ ကာယပသာဒကို ။ ပ ။ ရူပါရုံရုပ်တို့ကို ။ ပ ။ သဒ္ဒါရုံရုပ်တို့ကို ။ ပ ။ ဂန္ဓာရုံရုပ်တို့ကို ။ ပ ။ ရသာရုံရုပ်တို့ကို ။ ပ ။ ဖောဋ္ဌဗ္ဗာရုံရုပ်တို့ကို ။ ပ ။ ဟဒယဝတ္ထုရုပ်ကို ။ ပ ။ ဝိပါက်အဗျာကတ, ကိရိယာအဗျာကတဖြစ်ကုန်သော ခန္ဓာတို့ကို အလေးအမြတ်ပြု၍ သာယာ၏, နှစ်သက်၏၊ ထိုသောတပသာဒရုပ်ကို ။ ပ ။ အလေးအမြတ်ပြု၍ ရာဂဖြစ်၏။ ဒိဋ္ဌိဖြစ်၏။

**အနန္တရူပနိဿယော** - အနန္တရူပနိဿယပစ္စည်းကို ဤသို့ မှတ်အပ်၏။

**အာဝဇ္ဇနာ အကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။** ဝုဋ္ဌော, မနော-ဒွါရာဝဇ္ဇန်းသည် အကုသိုလ်ခန္ဓာတို့အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ပကတူပနိဿယော - **ကာယိကံ သုခံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာ-ဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။** ပကတူပနိဿယပစ္စည်းကို ဤသို့

မှတ်အပ်၏။ ကိုယ်၌မှီသောချမ်းသာခြင်းကို အမှီပြု၍ သူ၏အသက်ကို သတ်၏၊ ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့်မပေးသော သူ၏ဥစ္စာကို ယူ၏၊ ချွတ်လွဲသောစကားကို ဆို၏၊ ကုန်းတိုက်သောစကားကို ဆို၏၊ ကြမ်းတမ်းသောစကားကို ဆို၏၊ အကျိုးမရှိ ပြိန်ဖျင်းသော စကားကို ပြောဟော၏၊ အိမ်ခြစပ်ကို ဖြတ်၏၊ ပုန်းအောင်း၍ ဆောင်ယူ၏၊ တစ်အိမ်တည်း ခြံရံသည်ကို ပြု၏၊ ခရီးလမ်း၌ ရပ်၏၊ သူ့မယားသို့ သွား၏၊ ရွာဖျက်ခြင်းကို ပြု၏၊ နိဂုံးဖျက်ခြင်းကို ပြု၏၊ အမိကို သတ်၏၊ အဖကို သတ်၏၊ ရဟန္တာကို သတ်၏၊ ပြစ်မှားလိုသောစိတ်ဖြင့် မြတ်စွာဘုရားအား သွေးခြေဥကို ဖြစ်စေ၏၊ သံဃာကို သင်းခွဲ၏။

**ကာယိကံ ဒုက္ခံ ॥ ပ ॥ ဥတုံ ॥ ပ ॥ ဘောဇနံ ॥ ပ ॥ သေနာသနံ ဥပနိဿာယ ပါဏံ ဟနတိ။ (သံခိတ္တံ။) သံဃံ ဘိန္ဒတိ။** ကိုယ်၌ မှီသော ဆင်းရဲခြင်းကို။ ဥတုကို။ ဘောဇဉ်ကို ॥ ပ ॥ ကျောင်းအိပ်ရာနေရာကို အမှီပြု၍ သူ၏အသက်ကို သတ်၏။ (အကျဉ်းချုံးအပ်၏။) သံဃာကို သင်းခွဲ၏။

**ကာယိကံ သုခံ။ ကာယိကံ ဒုက္ခံ၊ ဥတု။ ဘောဇနံ၊ သေနာသနံ ရာဂဿ၊ ဒေါသဿ။ မောဟဿ။ မာနဿ၊ ဒိဋ္ဌိယာ။ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော။** ကိုယ်၌ မှီသော ချမ်းသာခြင်းသည်။ ကိုယ်၌မှီသော ဆင်းရဲခြင်းသည်။ ဥတုသည်။ ဘောဇဉ်သည်။ ကျောင်းအိပ်ရာနေရာသည် ရာဂအား။ ဒေါသအား။ မောဟအား။ မာနအား။ မှားသောအယူအား။ တောင့်တခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## ပုရေဇာတ

**၄၂၄။ အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။ အာရမ္မဏပုရေဇာတံ၊ ဝတ္ထုပုရေဇာတံ။** အဗျာကတတရားသည် အဗျာကတတရားအား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပုရေဇာတပစ္စည်းသည် အာရမ္မဏပုရေဇာတပစ္စည်း၊ ဝတ္ထုပုရေဇာတပစ္စည်းဟူ၍ ၂-ပါးအပြား ရှိ၏။ ထို ၂-ပါးတို့တွင် -

**အာရမ္မဏပုရေဇာတံ** - အာရမ္မဏပုရေဇာတပစ္စည်းကို ဤသို့ မှတ်အပ်၏။

**အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊** ရဟန္တာပုဂ္ဂိုလ်သည် စက္ခုပသာဒရုပ်(မျက်စိအကြည်)ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှု၏။

**သောတံ ။ ပ ။ ဃာနံ ။ ပ ။ ဇိဝှံ ။ ပ ။ ကာယံ ။ ပ ။ ရူပေ ။ ပ ။ သဒ္ဒေ ။ ပ ။ ဂန္ဓေ ။ ပ ။ ရသေ ။ ပ ။ ဖောဋ္ဌဗ္ဗေ ။ ပ ။ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊** သောတပသာဒကို။ ဃာနပသာဒကို။ ဇိဝှာပသာဒကို။ ကာယပသာဒကို။ ရူပါရုံရုပ်တို့ကို။ သဒ္ဒါရုံရုပ်တို့ကို။ ဂန္ဓာရုံရုပ်တို့ကို။ ရသာရုံရုပ်တို့ကို။ ဖောဋ္ဌဗ္ဗာရုံရုပ်တို့ကို။ ဟဒယဝတ္ထုရုပ်ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှု၏။

**ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ။ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ၊** ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ရူပါရုံကို မြင်၏။ ဒိဗ္ဗသောတအဘိညာဉ်ဖြင့် သဒ္ဒါရုံကို ကြား၏။

**ရူပါယတနံ စက္ခုဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။** ရူပါယတနသည် စက္ခုဝိညာဏ်အား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**သဒ္ဒါယတနံ သောတဝိညာဏဿ ။ ပ ။ ဂန္ဓာယတနံ ဃာနဝိညာဏဿ ။ ပ ။ ရသာယတနံ ဇိဝှါဝိညာဏဿ ။ ပ ။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။** သဒ္ဒါယတနသည် သောတဝိညာဏ်အား၊ ဂန္ဓာယတနသည် ဃာန-ဝိညာဏ်အား၊ ရသာယတနသည် ဇိဝှါဝိညာဏ်အား၊ ဖောဋ္ဌဗ္ဗာယတနသည် ကာယ-ဝိညာဏ်အား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဝတ္ထုပုရေဇာတံ** - ဝတ္ထုပုရေဇာတပစ္စည်းကို ဤသို့ မှတ်အပ်၏။

**စက္ခာယတနံ စက္ခုဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။** စက္ခာယတနသည် စက္ခုဝိညာဏ်အား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**သောတာယတနံ သောတဝိညာဏဿ ။ ပ ။ ဃာနာယတနံ ဃာနဝိညာဏဿ။ ပ ။ ဇိဝှါယတနံ ဇိဝှါဝိညာဏဿ။ ပ ။ ကာယာယတနံ ကာယဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။** သောတာယတနသည် သောတဝိညာဏ်အား ။ ပ ။ ဃာနာယတနသည် ဃာနဝိညာဏ်အား ။ ပ ။ ဇိဝှါယတနသည် ဇိဝှါဝိညာဏ်အား ။ ပ ။ ကာယာယတနသည် ကာယဝိညာဏ်အား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဝတ္ထု ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။** မှီရာဝတ္ထုရုပ်သည် ဝိပါက်အဗျာကတ ကိရိယာအဗျာကတဖြစ်ကုန်သော ခန္ဓာတို့အား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။ အာရမ္မဏပုရေဇာတံ၊ ဝတ္ထုပုရေဇာတံ။** အဗျာကတတရားသည် ကုသိုလ်တရားအား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပုရေဇာတပစ္စည်းသည် အာရမ္မဏပုရေဇာတ ပစ္စည်း၊ ဝတ္ထုပုရေဇာတပစ္စည်းဟူ၍ ၂-ပါးအပြား ရှိ၏။ ထို ၂-ပါးတို့တွင် -

**အာရမ္မဏပုရေဇာတံ** - အာရမ္မဏပုရေဇာတပစ္စည်းကို ဤသို့ မှတ်အပ်၏။

**သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊** သေက္ခတို့သည်ငင်း, ပုထုဇဉ်တို့သည်ငင်း စက္ခုပသာဒရုပ်(မျက်စိအကြည်)ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှုကြကုန်၏။

**သောတံ** ။ ပ ။ **ဃာနံ** ။ ပ ။ **ဇိဝှံ** ။ ပ ။ **ကာယံ** ။ ပ ။ **ရူပေ** ။ ပ ။ **သဒ္ဒေ** ။ ပ ။ **ဂန္ဓေ** ။ ပ ။ **ရသေ** ။ ပ ။ **ဖောဋ္ဌဗ္ဗေ** ။ ပ ။ **ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊** သောတပသာဒကို။ ဃာနပသာဒကို။ ဇိဝှာပသာဒကို။ ကာယပသာဒကို။ ရူပါရုံရုပ်တို့ကို။ သဒ္ဒါရုံရုပ်တို့ကို။ ဂန္ဓာရုံရုပ်တို့ကို။ ရသာရုံရုပ်တို့ကို။ ဖောဋ္ဌဗ္ဗာရုံရုပ်တို့ကို။ ဟဒယဝတ္ထုရုပ်ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှုကြကုန်၏။

**ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿန္တိ၊ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏန္တိ၊** ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ရူပါရုံကို မြင်ကြကုန်၏။ ဒိဗ္ဗသောတအဘိညာဉ်ဖြင့် သဒ္ဒါရုံကို ကြားကြကုန်၏။

**ဝတ္ထုပုရေဇာတံ** - ဝတ္ထုပုရေဇာတပစ္စည်းကို ဤသို့ မှတ်အပ်၏။

**ဝတ္ထု ကုသလာနံ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။** မှီရာဝတ္ထုရုပ်သည် ကုသိုလ်ခန္ဓာတို့အား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။**

**အာရမ္မဏပုရေဇာတံ၊ ဝတ္ထုပုရေဇာတံ။** အဗျာကတတရားသည် အကုသိုလ်တရားအား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပုရေဇာတပစ္စည်းသည် အာရမ္မဏပုရေဇာတပစ္စည်း၊ ဝတ္ထုပုရေဇာတပစ္စည်းဟူ၍ ၂-ပါးအပြား ရှိ၏။ ထို ၂-ပါးတို့တွင် -

**အာရမ္မဏပုရေဇာတံ** - အာရမ္မဏပုရေဇာတပစ္စည်းကို ဤသို့ မှတ်အပ်၏။

**စက္ခုံ အသာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။** စက္ခုပသာဒကို သာယာ၏၊ နှစ်သက်၏၊ ထိုစက္ခုပသာဒကို အာရုံပြု၍ ရာဂဖြစ်၏၊ ဒိဋ္ဌိဖြစ်၏၊ ဝိစိကိစ္ဆာဖြစ်၏၊ ဥဒ္ဓစ္စဖြစ်၏၊ ဒေါမနဿဖြစ်၏။

